The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (3-8-2010) (၆၄၇၉)

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော်　　ဩဂုတ်　　၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၈၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၈၃/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက်)
စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)
UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS) အား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(၃၁၄/၃၁၅)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)** အား ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS) ၏ မှတ်ပုံတင်အမှတ်မှာ (၄၀) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုလျက်ရှိ

နေပြည်တော်　　ဩဂုတ်　　၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီများအနက် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE(UDPKS) သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် ဩဂုတ် ၂ ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၆) ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၄၀)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၁၀ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း

၂၀၁၀ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပ

နေပြည်တော်　　ဩဂုတ်　　၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၁၀ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခန်းမကြီး၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်သော ဒေါက်တာမြဦး၊ ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ခရိုင်နှင့် ခရိုင်အတွင်းရှိမြို့နယ်မှ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၃-၈-၂၀၁၀
(အင်္ဂါနေ့)

စိတ်ဓာတ်စည်းကမ်းမြင့်မား လူငယ်များပျိုးထောင်

မျက်မှောက်အချိန်အခါတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်နေသည်။ အမျိုးသားပညာရည်မြင့်မားမှုစွမ်းအား၊ သိပ္ပံနှင့်နည်းပညာရပ်များ၏ စွမ်းအား၊ အမျိုးသား ခနအင်အား တောင့်တင်းမှုစွမ်းအားတို့ ပြည့်ဝခိုင်မာမှုရှိရမည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ပေါ်လာရေးတွင် အမျိုးသားပညာရည်မြင့်မားမှု စွမ်းအားသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများအနေဖြင့် အရည်အသွေးမြင့်မားသော နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းကြရပေမည်။ မျိုးဆက်သစ်လူငယ်များအား ပညာထူးချွန်ထက်မြက်ရုံသာမက စိတ်ဓာတ်၊ စည်းကမ်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပျိုးထောင် ပေးနေကြရပေမည်။

လူငယ်လူရွယ်များအား ပြုစုပျိုးထောင်ရာတွင် ကျောင်းစာတစ်ခုတည်းသာမက လူမှုဆက်ဆံရေး၊ စာရိတ္တ၊ အားကစားစသည့် ဘက်စုံဖွံ့ဖြိုးလာစေရေး သင်ကြားပြသပေးကြရပေမည်။ လူငယ်များသည် ရိုးသားဖြူစင်သည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ရှိနေကြသည်ဖြစ်ရာ ကြံ့ခိုင်မှု၊ ဇွဲလုံ့လဝီရိယရှိမှု၊ သစ္စာရှိမှုစသည့် မွန်မြတ်သော အရည်အသွေးကောင်းများ ပြည့်စုံစေရေး ပုံဖော်ပေးကြမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းလိုသော စိတ်ဓာတ်၊ နိုင်ငံကြီးသားစိတ်ဓာတ် ပြည့်ဝသူများဖြစ်လာရေး၊ စည်းကမ်းလိုက်နာစောင့်ထိန်းမှု အလေ့အထကောင်းများ ရရှိရေး လူငယ်များအတွင်း တည်ဆောက်ပေးကြရပေမည်။ အစဉ်တစိုက် ထိန်းသိမ်းလာခဲ့ကြသည့် ရိုးရာဓလေ့ထုံးတမ်းများ၊ ဘာသာရေးအဆုံးအမများ၊ လူမှုရေးနီတိများကို အခြေခံပြီး တစ်ဦးချင်း စည်းကမ်းလိုက်နာမှုမှသည် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ နိုင်ငံတော်၏ တရားဥပဒေများ လေးစားလိုက်နာသူများ ပေါ်ထွက်လာမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ပညာရေးပတ်ဝန်းကျင်ကောင်းများ၊ ပညာရေးဆိုင်ရာ အခြေခံကောင်းများကို ဖန်တီးတည်ဆောက်ပေးနေပြီ။ အခြေခံပညာကဏ္ဍတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှု အခွင့်အလမ်းကောင်းများ ညီညီမျှမျှ ရရှိနေကြပြီ။ အဆင့်မြင့်ပညာ ကဏ္ဍ၌ နယ်ပယ်ကဏ္ဍအသီးသီးတွင် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးကို မဏ္ဍိုင်ပြုပြီး အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်နေသည့် ကာလတွင် ဆရာ၊ ဆရာမများ အားလုံးက မွန်မြတ်သော ပညာရေးဝန်ထမ်းဘဝကို ခံယူရင်း စိတ်ဓာတ်ကောင်း၊ စေတနာကောင်းများထား၍ လူငယ်လူရွယ်များအားပြုစုပျိုးထောင်ပေးခြင်းဖြင့် ပညာရည်ပြည့်ဝ စိတ်ဓာတ်စည်းကမ်းမြင့်မားသည့် နိုင်ငံ့သားကောင်း သမီးမွန်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာနေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဩဂုတ် ၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၃၀ရက် နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦးက လမ်းသစ်ဖွင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အောင်မြေသာစံမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းအသစ် ကျောက်ချောလမ်းအဆင့် ဖောက်လုပ်မည့် လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းအသစ်တွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

နေပြည်တော် ဩဂုတ် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းအသစ် (၉၇)မိုင် (၇)ဖာလုံကို ကျောက်ချောလမ်းအဆင့်အထိ တာဝန်ယူ ဆောင်ရွက်မည့် လမ်းအထူးအဖွဲ့ တစ်ဖွဲ့၊ ခရိုင်အဖွဲ့ တစ်ဖွဲ့နှင့် ကုမ္ပဏီလုပ်ငန်းရှင် ၁၀ ဖွဲ့ စုစုပေါင်း ၁၂ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဇူလိုင် ၃၁ ရက် နံနက် ၁၁ နာရီတွင် ပြင်ဦးလွင်ခရိုင် ရှင်းလင်းဆောင်၌တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ပြင်ဦးလွင်-မိုးကုတ်ကားလမ်းအသစ်ကို သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လူအင်အား၊ စက်ယန္တရားအင်အား အပြည့်ဖြင့် နေ့ညအဆိုင်းခွဲ၍ လုပ်ငန်းများ ဆောင်ရွက်ရန်၊ ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်အထိ တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လုပ်ငန်းအပေါ် ဖိဖိစီးစီး စေတနာထား ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ် တစ်လျှောက်ရှိ မိုင်တိုင်အမှတ်(၉/၂)နှင့် (၉/၃)အကြား စက်ယန္တရားဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင် အမှတ်(၁၀/၁)နှင့် (၁၀/၂) အကြား မြေသယ်ယာဉ်များဖြင့် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ်(၁၀/၆)နှင့် (၁၀/၇)အကြား လမ်းချဲ့ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် တက္ကသိုလ်၊ တက္ကသိုလ်ဝင်တန်းပညာထူးချွန်ဆုနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်၊ တက္ကသိုလ်ဝင်တန်း ပညာထူးချွန်ဆုနှင့် ၂၀၁၀-၂၀၁၁ပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက် အမှာစကားပြောကြားပြီး ပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲရေးချုပ် ရဲမှူးချုပ် သိန်းတင့်၊ ရဲထောက်ချုပ် ရဲမှူးချုပ် ဝင်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ အရာရှိ အခြားအဆင့် တပ်ဖွဲ့ဝင်မိသားစုများနှင့် တပ်ဖွဲ့ဝင်မိသားစုများ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်အဆင့် ပညာထူးချွန်ဆုရသူ နှစ်ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးငါးဘာသာဖြင့် အောင်မြင်သူ နှစ်ဦး၊ ဂုဏ်ထူးသုံးဘာသာဖြင့် အောင်မြင်သူ တစ်ဦး၊ ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်သူနှစ်ဦးတို့အား ပညာထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက ၂၀၀၉ - ၂၀၁၀ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်သူ ငါးဦးတို့အား ပညာထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ရဲရေးချုပ် ရဲမှူးချုပ်သိန်းတင့်က တက္ကသိုလ်ပညာသင်ရန် အခက်အခဲရှိသူ ၁၀ ဦးနှင့် ဌာနအလိုက် ပညာသင် ထောက်ပံ့ငွေများကို ပေးအပ်သည်။

အဆိုပါပညာထူးချွန်ဆုနှင့် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၈၅၇ ဦး အတွက် ငွေကျပ် ၇၂၈၉၀၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက်တွင် တက္ကသိုလ်ခန်းမ၌ ကျင်းပရာ အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်သီတာအောင်နှင့် အဖွဲ့က လာရောက်သွေးလက်ခံယူကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာနိုင်ဝင်းက သွေးလှူဒါန်းပွဲ ကျင်းပရခြင်းအကြောင်းနှင့် ကိုယ်တွေ့သွေးလှူဒါန်းခြင်း အတွေ့အကြုံများကိုလည်းကောင်း၊ ဒေါက်တာ ဒေါ်သီတာအောင်က သွေးသွင်းကုသခြင်းအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားပြီး သွေးလှူရှင်များကိုယ်စား ပထမနှစ် ဘွဲ့လွန်သင်တန်းကျောင်းသူ မဖြူသွဲ့စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်း ၅၉ ဦးတို့က သွေးလှူဒါန်းခဲ့ကြသည်။

(အောက်ပုံ)

(ကြေးမုံ)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းတွင် သထုံမြို့ရှိ အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စက်ရုံမွမ်းမံပြုပြင်မှု စတင်ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်စီမံဆောင်ရွက်သည်။

ဝန်ကြီးသည် ဩဂုတ် ၁ ရက်တွင် ဘီးလင်းမြို့ရှိ အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး ထုတ်လုပ်မှုဆောင်ရွက်နေမှုများ၊ Quality Control အဆင့်ဆင့် ဆောင်ရွက်နေမှုများ၊ Laboratory ပစ္စည်းများ အသုံးပြုမှုနှင့် Pressurized Rubber Hose စက်ရုံတည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ရော်ဘာသင်တန်းခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တပ်ဆင်ထားပြီး စက်ကိရိယာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်အောင် ကြိုးပမ်းရန်၊ တီထွင်ကြံဆရန်၊ အလုပ်ကြိုးစား စေတနာထားရန်နှင့် စက်မှုနိုင်ငံတော်တည်ဆောက်ရေး ရည်မှန်းချက်အပေါ် သန္နိဋ္ဌာန်စိတ်ပြင်းပြကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ဘီးလင်းမြို့ရှိ အမှတ် (၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၂)

ပြည်တွင်းအခွန် ကွန်ပျူတာအခြေခံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံပညာသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ဝန်ထမ်းရေးရာနှင့်သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင် တက်ရောက်၍သင်တန်းဖွင့် အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ပြည်တွင်းအခွန်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂

အနုပညာရပ်ဝန်းမှ အမျိုးသမီးတွေရဲ့ ခန္ဓာကိုယ်ပေါ်က တက်တူး (ဆေးမင်ကြောင်) သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ် (၃၉)ကို ယနေ့ဖြန့်ချိလိုက်သည်။

ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းလိုင်းတစ်သိန်း ထပ်မံချထားပေးမည်၊ တရုတ်နိုင်ငံ၏ အကြီးဆုံး စတိန်းလက်စ်စတီး ထုတ်လုပ်သူ မြန်မာနိုကယ်သတ္တုတွင်းတွင် ရင်းနှီးမြှုပ်နှံ၊ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ကူးပြောင်းလာတဲ့အခါ ကျေးလက်တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးက အလွန်အရေးပါဟု ခေတ်သစ်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်ကဆို၊ ဆရာဗဟိုပြုသင်ကြားမှုစနစ်မှ ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဆိုင်ရာ သင်ကြားမှုဖြင့် အခြေခံပညာ မူလတန်းကျောင်းများတွင် သင်ကြား၊ အလုံသဘော်ကျင်းတွင် မြန်မာအင်ဂျင်နီယာများ တည်ဆောက်သည့် တန်ချိန် ၁၆၀၀ ရှိ C.B တွဲသဘော်ရေချခြင်းပြုလုပ်၊ ဖားကန့်မြို့နယ်အတွင်းရှိ ဘေလီတံတားတစ်စင်း ကျိုးကျမှုဖြစ်ပွား၊ မီးပွိုင့်လမ်းဆုံတွင် (၁၂)ဘီးတပ် သစ်လုံးတင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွား၊ ဒီဇင်ဘာ ၂ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်သော မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားမည့်သူများအတွက်၊ ထားဝယ်မြို့မှ ပြည်နယ်/တိုင်း ၁၄ ခုသို့ စက်ဘီးဖြင့် ကျော်ဖြတ်သွားရောက်ခဲ့သူ သုံးဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်၊ နိုင်ငံခြားသင်္ဘောလိုက်မည့်သူများ ရန်ကုန်အခြေစိုက်ကုမ္ပဏီများနှင့် သင်္ဘောအကြောင်းအား စုံစမ်းထားဖို့လိုအပ်၊ ကျပ်ငါးသိန်းတန်ဖုန်း၏ ဈေးကွက်အခြေအနေနှင့် ၎င်းထက် ဈေးနည်းသည့် ဖုန်းများပေါ်ပေါက်လာပါက၊ နလုံးသားကရော ဦးနှောက်ကရော လက်ခံနိုင်တဲ့သူမျိုးကိုပဲ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ဖြစ်မှာပါလို့ ပြောလာတဲ့ ပြေတီဦး၊ ကလေးမြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွား၊ အစွန်းရောက် တိုက်ခိုက်ခဲ့ပါက တဲလ်အဗစ်မြို့ကို မီးလောင်တိုက်သွင်းမည်ဟု အီရန်ခြိမ်းခြောက်၊ အစ္စရေးဆိပ်ကမ်းမြို့ကို ဒုံးကျည်ဖြင့်ပစ်ခတ်၍ ဟားမားစ်တို့ မီးမွှေးနေပြန်ပြီ၊ ဟစ်ဇ်ဘိုလာက အစ္စရေးနယ်စပ်မှာ စစ်အင်အား ၂၀၀၀၀ တိုးချဲ့ချထား၊ ကနေဒါလေပိုင်နက်ကျူးကျော်လာတဲ့ ရုရှားဗုံးကြဲလေယာဉ်အား ကနေဒါ ဂျက်တိုက်လေယာဉ်က မောင်းထုတ်စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၂

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းဆုနှင်းသဘင်ခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ခရိုင်ပညာရေးမှူး ဦးစိုးလှိုင် တက်ရောက်သည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွန်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် သင်တန်းကိစ္စ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြံခင်းမြို့နယ် ကြံခင်းကြိုးဝိုင်းအတွင်း စိုက်ပျိုးထားသော ဖြိုးစည်သူ ကျွန်းအထူးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်ပြန်/ဆက်)

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ယူကလစ်စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂

ဧရာဝတီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သည် ဇူလိုင် ၁၈ ရက်တွင် အင်္ဂပူမြို့နယ်ရှိ ကျွဲဇင်းကျေးရွာ၊ ကွင်းကောက်ကျေးရွာ၊ မကျီးပင်ကွင်းကျေးရွာ၊ မြန်အောင်မြို့နယ်ရှိ ဥယျာဉ်ကွင်းကျေးရွာ၊ စမ်းကြီးကျေးရွာ၊ ညောင်ခြေထောက်ကျေးရွာနှင့် ကြံခင်းမြို့နယ်ရှိ ကြာအင်းကျေးရွာ၊ ပေါက်နွယ်စမ်းကျေးရွာ၊ စပါးအိုးကျေးရွာတို့၌ ကျေးလက်အိမ်ရာထူထောင်ရေးအတွက် တစ်ရွာလျှင်တစ်ဧက စိုက်ပျိုးထားသော ယူကလစ်(သစ်မာ)ပင် စိုက်ခင်းများ၏ ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၁၉ ရက်တွင် ကြံခင်းမြို့နယ် ကြံခင်းကြိုးဝိုင်းအတွင်း စိုက်ပျိုးထားသော ဖြိုးစည်သူ အထူးကျွန်းစိုက်ခင်း၏ ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ကြံခင်းမြို့နယ်အတွင်း စိုက်ပျိုးထားသော ပုဂ္ဂလိက ကျွန်းစိုက်ခင်းများမှာ စိုက်ပျိုးရန် လျာထားချက် ဧက ၆၁၀၀ ရှိသည့်အနက် ၂၀၀၇ ခုနှစ် မိုးရာသီမှ ဇူလိုင် ၁၅ ရက်ထိ စုစုပေါင်း ဧက ၅၁၀၀ ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့နေ ကွယ်လွန်သူ အဘိုး ဗိုလ်တင်မောင်ကြီးနှင့် အဘွား ဒေါ်စိန်လှိုင်တို့အားရည်စူး၍ မြေး-ဗိုလ်ကြီးဝင်းနိုင်ထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေမြင့် မိသားစုက ဧရာဝတီတိုင်း မြောင်းမြမြို့နယ် အထက(ခွဲ)ကံကြီး၏ ဘက်စုံပညာဖွံ့ဖြိုးရေးအတွက် ငွေကျပ် တစ်သိန်းငါးသောင်း လှူဒါန်းရာ အကျိုးတော်ဆောင် ဥက္ကဋ္ဌ လက်ခံယူစဉ်။

(ကြေးမုံ)

ထူးကဲဒီရေ တက်မည့်အကြောင်း သတိပေးချက် ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂

၂၀၁၀ ခုနှစ် ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၄ ပေခန့်မှ ၂၁ ဒသမ ၈ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင်၂၀၀၈-၂၀၀၉ ခုနှစ်များတွင် ရန်ကုန်မြစ် အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ ထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေး အကြောင်းကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နယ်သာလန်တပ်ဖွဲ့များ အာဖဂန်စစ်မြေပြင်မှ ရုပ်သိမ်းပြီ အာဖဂန်နစ္စတန်မှ ပထမဆုံးရုပ်သိမ်းသော နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်

သည်ဟိတ်ဂ် ဩဂုတ် ၂

နယ်သာလန်တပ်ဖွဲ့များသည် အာဖဂန်စစ်ပွဲနှင့် လေးနှစ်ကြာပါဝင်ပတ်သက်မှုကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း တနင်္ဂနွေနေ့ သတင်းများတွင်ဖော်ပြသည်။ နယ်သာလန်နိုင်ငံသည် ၎င်း၏တပ်ဖွဲ့များတာဝန်ယူထားသော ဥရုဇဂန်ပြည်နယ်ကို အမေရိကန်နှင့် ဩစတြေးလျတပ်ဖွဲ့များလက်သို့ လွှဲပြောင်းပေးခဲ့ပြီးနောက် အာဖဂန်စစ်မြေပြင်မှ ပထမဆုံးထွက်ခွာသွားသော နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဥရုဇဂန်ပြည်နယ်ကို တာဝန်ယူခဲ့သော လေးနှစ်တာကာလအတွင်း နယ်သာလန်တပ်ဖွဲ့ဝင် ၂၄ ဦးသေဆုံးခဲ့ပြီး ၁၄၀ ဒဏ်ရာရရှိခဲ့ကြောင်း နယ်သာလန်ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ကူညီပေးခဲ့

နိုင်ငံတကာအသိုက်အဝန်းနှင့် နေတိုးတပ်ဖွဲ့တို့က အာဖဂန်နစ္စတန်ကို ကိုယ့်ခြေထောက်ပေါ်ရပ်တည်နိုင်ရန် ကူညီပေးခဲ့ရာ ယင်းနိုင်ငံအနေဖြင့် စစ်သွေးကြွများ၏ရန်ကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကာကွယ်နိုင်ပြီဖြစ်ကြောင်း နယ်သာလန်ကာကွယ်ရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ဖော်ပြထားသည်။

ပြိုကွဲခဲ့ရ

အာဖဂန်စစ်မြေပြင်၌ နယ်သာလန်တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများကို သက်တမ်းတိုးမြှင့်မှုနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ကာ ယခုနှစ်ဖေဖော်ဝါရီလက နယ်သာလန်အစိုးရအဖွဲ့ ပြိုကွဲခဲ့ရသည်။

ဆင်ဟွာ။

ဗြိတိန် အမ်အိုင်-၆ ထောက်လှမ်းရေးဌာနသို့ ပါဆယ်ဗုံးများ အပို့ခံရ

လန်ဒန် ဩဂုတ် ၂

ဗြိတိန်နိုင်ငံ၏ ပြည်ပထောက်လှမ်းရေးအဖွဲ့ (အမ်အိုင်-၆) ဌာနချုပ်သို့ လက်လုပ်ဗုံးများ ထည့်သွင်းထားသော ပါဆယ်အိတ်နှစ်အိတ် ရောက်ရှိခဲ့ပြီး အဆိုပါဗုံးထည့်ထားသည့် ပါဆယ်တစ်အိတ်ကိုမူ လန်ဒန်စာတိုက်ရုံးတစ်ခု၌ တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ကြောင်း ဩဂုတ် ၁ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းပါဆယ်ဗုံးကိစ္စနှင့် ပတ်သက်၍ ဝေလနယ်သားနှစ်ဦးကို ဗြိတိန်ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ အမ်အိုင်-၆ ဌာနချုပ်သို့ ပါဆယ်ဗုံးများ ပေးပို့ခဲ့သည့် ယင်းဝေလနယ်သားနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားသော်လည်း တရားစွဲဆိုခြင်းမရှိသေးပေ။

အဆိုပါ ပါဆယ်ဗုံးများသည် အန္တရာယ်ကြီးမားသော်လည်း တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း လန်ဒန်မြို့တော်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗြိတိန်ပြည်ပထောက်လှမ်းရေးအဖွဲ့ (အမ်အိုင်-၆)ဌာနချုပ်သည် လုံခြုံရေးအလွန်တင်းကျပ်သော အဆောက်အအုံဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်က အိုင်အာရ်အေခေါ် အိုင်းရစ်သူပုန်အဖွဲ့က ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အနည်းငယ်ပျက်စီးခဲ့ဖူးသည်။

အင်တာနက်။

အီရတ်ရှိအမေရိကန်တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများ ယခုနှစ် ဩဂုတ် ၃၁ ရက်တွင် ရပ်ဆိုင်းအဆုံးသတ်မည်

ဝါရှင်တန် ဩဂုတ် ၂

အကြမ်းဖက်မှုများ ဖြစ်ပွားနေဆဲဖြစ်သော်လည်း အီရတ်နိုင်ငံတွင်းမှ အမေရိကန်တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများကို ဩဂုတ် ၃၁ ရက်တွင် ရပ်ဆိုင်းအဆုံးသတ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက တနင်္လာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံကို အီရတ်များကိုယ်တိုင်တာဝန်ယူရမည့် အီရတ်ဆိုင်ရာ မဟာဗျူဟာသစ်ကို သမ္မတရာထူးရယူပြီး မကြာမီပင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် အီရတ်မှ အမေရိကန်တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများကို အဆုံးသတ်မည်ဖြစ်ကြောင်း ဂျော်ဂျီယာပြည်နယ်၌ ကျင်းပသော မသန်စွမ်း အမေရိကန်စစ်ပြန်များညီလာခံ၌ သမ္မတ ဘာရက်အိုဘားမားက ထုတ်ဖော်ပြောကြားသည်။

ဇူလိုင်လအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အီရတ်အရပ်သား ၃၉၆ ဦးအပါအဝင် စုစုပေါင်း ၅၃၅ ဦး သေဆုံးခဲ့ရကြောင်း အီရတ်အစိုးရက စနေနေ့တွင် ထုတ်ပြန်သောစာရင်းဇယားများတွင် ဖော်ပြထားသည်။ ယင်းသို့သော အခြေအနေတွင် အီရတ်၌ အမေရိကန်၏ စစ်ရေးလှုပ်ရှားမှုများ အဆုံးသတ်မည့်ကာလ အတိအကျကို အတည်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၆၅၀၀၀ခန့် တပ်စွဲထားသည်။အပြောင်းအလဲ ကာလများအတွင်း အီရတ်၌ အမေရိကန်တပ်ဖွဲ့များကို ဆက်လက်ထားရှိဦးမည်ဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်အားလုံးကို ရုပ်သိမ်းမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားသည်။***အင်တာနက်။***

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ ဩဂုတ် ၂ ရက်က ဖြစ်ပွားသော အသေခံကားဗုံးပေါက်ကွဲသည့်နေရာကို စစ်ဆေးနေသော အာဖဂန်ရဲတပ်ဖွဲ့ဝင်များ။ *(ပြည်နယ်တာဝန်ရှိသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သော်လည်း ယင်းဗုံးကွဲမှုကြောင့်ကလေးနှစ်ဦးအပါအဝင် အရပ်သားငါးဦး သေဆုံးခဲ့ရသည်။)*

(ဓာတ်ပုံ-အင်တာနက်)

ပုံတူမျိုးပွား နွားသတ္တဝါများမှ ထွက်ရှိသော နို့ထွက်ကုန်များ ဈေးကွက်တင်ရောင်းချမှု ဗြိတိန်နိုင်ငံ၌ စုံစမ်းစစ်ဆေးနေ

လန်ဒန် ဩဂုတ် ၂

မျိုးရိုးဗီဇ အင်ဂျင်နီယာပညာဖြင့် ဖန်တီးထားသော ပုံတူမျိုးပွားနွားများမှ ထွက်ရှိသည့် နွားနို့များကို ဈေးကွက်ထဲ၌ ရောင်းချနေကြောင်း စွပ်စွဲမှုများ ထွက်ပေါ်လာရာ ဗြိတိန်နိုင်ငံမှ အစားအစာလုံခြုံရေးတာဝန်ရှိသူများက ယင်းကိစ္စကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တနင်္လာနေ့ သတင်းများတွင် ဖော်ပြသည်။

သောကြာနေ့ကထုတ်ဝေသော အင်တာနေရှင်နယ် ဟာရယ်ထရီဗြူန်းသတင်းစာပါ သတင်းတစ်ပုဒ်ကိုအခြေခံ၍ ပုံတူမျိုးပွားနွားများမှထွက်ရှိသော နွားနို့ပြဿနာကို စုံစမ်းစစ်ဆေးနေရခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံ အစားအစာ အရည်အသွေး ထိန်းသိမ်းရေးအေဂျင်စီက ပြောကြားသည်။

သို့ရာတွင် ဗြိတိန်နို့ထွက်ပစ္စည်း စက်မှုလုပ်ငန်းများကို ကိုယ်စားပြုသော အဖွဲ့အစည်းတစ်ရပ်က ယင်းနွားနို့များသည် လူကိုဘေးဥပဒ်မဖြစ်စေနိုင်ကြောင်း ပြောကြားသည်။

ဗြိတိန်နို့ထွက်ပစ္စည်း လုပ်ငန်းရှင်တစ်ဦးက ၎င်းထုတ်ကုန်များတွင် ပုံတူမျိုးပွားနွားသတ္တဝါများမှရရှိသော နွားနို့များကို ထည့်သွင်းသုံးစွဲကြောင်း သတင်းစာသို့ ပြောကြားခဲ့သည်။

ပုံတူမျိုးပွား တိရစ္ဆာန်များမှ ထွက်ရှိသော အသားနှင့် အခြားထွက်ကုန်များကို ဈေးကွက်တွင်ရောင်းချလိုပါက အာဏာပိုင်များ၏ ခွင့်ပြုချက်ကို ရယူရမည်ဖြစ်ကြောင်း ဗြိတိန်အစားအစာ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။ ယင်းသို့ ခွင့်ပြုချက်မရှိဘဲဈေးကွက်တင်ရောင်းချနေသော ပုံတူမျိုးပွားတိရစ္ဆာန်များ၏ ထွက်ကုန်များကို ပြန်လည်ရုပ်သိမ်းရမည်ဖြစ်ကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

အင်တာနက်။

ရုရှားနိုင်ငံ ဗိုင်သာမြို့ပြင်ဒေသတွင် တောမီးများလောင်ကျွမ်းနေသည်ကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားနိုင်ငံတွင် နေရာပေါင်း ၇၀၀ ခန့်၌ တောမီးများလောင်ကျွမ်း မြို့နှင့်ကျေးရွာ ၅၀၀ခန့်၌ အရေးပေါ်အခြေအနေ ကြေညာထား

မိုစကို ဩဂုတ် ၂

တောမီးလောင်ကျွမ်းမှုကြောင့် ရုရှားနိုင်ငံတစ်ဝန်းရှိ မြို့နှင့်ကျေးရွာပေါင်း ၅၀၀ ခန့်ကို အရေးပေါ်အခြေအနေ ကြေညာထားရကြောင်း ရုရှားတာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

တောမီးလောင်ကျွမ်းမှု အများစုသည် အမှိုက်များမီးရှို့ခြင်း၊ စီးကရက်မီးများ စည်းမဲ့ကမ်းမဲ့စွန့်ပစ်ခြင်းနှင့် တောစခန်းချ မီးပုံများကို ငြိမ်းသတ်ရန် ပျက်ကွက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ရုရှားအရေးပေါ်အခြေအနေဆိုင်ရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရုရှားနိုင်ငံတွင် နေရာဒေသပေါင်း ၇၀၀ နီးပါးခန့် အကျယ်အဝန်းအားဖြင့် ဟတ်တာ ၁၁၅၀၀၀ ခန့်တွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားလျက်ရှိသည်။ တောမီးကြောင့် လူ ၃၄ ဦးခန့် သေဆုံးခဲ့ရကြောင်း ရုရှားအာဏာပိုင်များက အတည်ပြုသည်။ မီးသတ်တပ်ဖွဲ့ဝင်များသည် စုစုပေါင်း လူ ၈၆၀၀၀တို့ကို တောမီးလောင်ကျွမ်းမှုများမှ လွတ်ကင်းရန် ကာကွယ်ပေးခဲ့ရသည်။

ယင်းလူဦးရေအနက် ၅၀၀၀ ခန့်မှာ နေအိမ်များ စွန့်ခွာထွက်ပြေးခဲ့ရသူများဖြစ်ပြီး ကျန်လူဦးရေမှာ နေအိမ်များကို စွန့်ခွာခြင်းမရှိသေးဘဲ မီးသတ်တပ်ဖွဲ့ဝင်များက တောမီးဘေးမှ ကာကွယ်ပေးထားရသော မြို့နှင့်ကျေးရွာ ၂၆၅ ခုမှ ဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

တူရကီထောက်လှမ်းရေးအဖွဲ့ အကြီးအကဲသစ် အီရန်လိုလားသူဖြစ်ကြောင်း အစ္စရေးပြောကြား

ဂျေရုဆလင် ဩဂုတ် ၂

တူရကီနိုင်ငံက အသစ်ခန့်အပ်ခဲ့သော တူရကီထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲသစ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုဖြစ်မိကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်က ပြောကြားခဲ့သည်ဟု တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

အစ္စရေးကာကွယ်ရေးဝန်ကြီး၏ အဆိုအရ တူရကီထောက်လှမ်းရေးအဖွဲ့ အကြီးအကဲသစ်သည် အီရန်လိုလားသူဖြစ်ကြောင်း သိရသည်။ အစ္စရေးနိုင်ငံ၏ မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်သော တူရကီနိုင်ငံ၏ ထောက်လှမ်းရေးအဖွဲ့၌ အီရန်လိုလားသူတစ်ဦးကို အကြီးအကဲအဖြစ် ခန့်အပ်ခဲ့ခြင်းသည် အစ္စရေးနိုင်ငံအတွက် စိုးရိမ်ဖွယ်ကိစ္စတစ်ရပ် ဖြစ်ကြောင်း အီဟွတ်ဘာရက်က ပြောကြားသည်။

ယင်းကဲ့သို့ ခန့်အပ်မှု၏ အကျိုးဆက်အဖြစ် အီရန်နိုင်ငံက အရေးကြီးသော လျှို့ဝှက်သတင်း အချက်အလက်များကို ရရှိသွားနိုင်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ဆိုသည်။

တူရကီဝန်ကြီးချုပ်၏ ပြည်ပရေးရာဆိုင်ရာ အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဟာကင်ဖီဒန် ဆိုသူကို တူရကီ အမျိုးသားထောက်လှမ်းရေးအဖွဲ့ (အမ်အိုင်တီ)၏ အကြီးအကဲအဖြစ် မေလ ၂၇ ရက်တွင် တူရကီအစိုးရက ခန့်ထားခဲ့သည်။

အင်တာနက်။

တိုက်ခိုက်ရေးဆောင်ရွက်မည့် ပြောက်ကျားအဖွဲ့၏အစီအစဉ် ကိုလံဘီယာရဲတပ်ဖွဲ့ ဖော်ထုတ်

ဘိုဂိုတာ ဩဂုတ် ၂

ကိုလံဘီယာနိုင်ငံ၌ ဩဂုတ် ၇ ရက်တွင် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံခဲ့ရသော ဂျူအန်မာနယ်လ်ဆန်တိုစ်ကို၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို ကျင်းပမည်ဖြစ်၍ ယင်းနေ့မတိုင်မီ တစ်ရက်အလိုတွင် တိုက်ခိုက်မှုများလုပ်ဆောင်မည့် ကိုလံဘီယာတော်လှန်ရေးတပ်ဖွဲ့(အက်ဖ်အေအာရ်စီ)၏ အစီအမံများကို ကိုလံဘီယာအာဏာပိုင်များက ဩဂုတ် ၁ ရက်တွင် ထုတ်ဖော်နိုင်ခဲ့ကြောင်း သိရသည်။

လက်နက်မှောင်ခိုရောင်းဝယ်သူလေးဦးကို ဖမ်းဆီးခဲ့ပြီး လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများကိုလည်း သိမ်းဆည်းရမိခဲ့သည်ဟု ကိုလံဘီယာရဲတပ်ဖွဲ့ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ လက်နက်များဖြင့် ဘိုဂိုတာမြို့၌ တိုက်ခိုက်မှုပြုလုပ်မည်မှာ သေချာကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပြစ်တင်ပြောကြား

ထို့ပြင် ဘိုဂိုတာမြို့တောင်ပိုင်း ကီလိုမီတာ ၄၀၀ ခန့်အကွာ ချာပါရယ်လ်ဒေသ၌ ဩဂုတ် ၁ ရက်က ကလပ်တစ်ခုတွင် အက်ဖ်အေအာရ်စီပြောက်ကျားများ၏ လက်ချက်ကြောင့် ကိုလံဘီယာတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း ကိုလံဘီယာအာဏာပိုင်များက ပြစ်တင်ပြောကြားခဲ့သည်။

အက်ဖ်အေအာရ်စီပြောက်ကျားတပ်ဖွဲ့သည် ဩဂုတ် ၁ ရက် နံနက်က ချာပါရယ်လ်ဒေသ၌ပင် ဗုံးနှစ်လုံး ဖောက်ခွဲခဲ့သော်လည်း ပျက်စီးမှုမရှိခဲ့ဟု တိုလီမာပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အော်စကာဘာရေတိုက ပြောကြားသည်။

ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ပါကစ္စတန်နိုင်ငံ နော်ရှီရာမြို့ လမ်းဘေးတစ်နေရာရှိ ပါကစ္စတန် ရေဘေးဒုက္ခသည် မိသားစု၏ တဲငယ်ကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်၏ ရေဘေးသင့်ဒေသများ ကူးစက်ရောဂါပျံ့နှံ့မည်ကို စိုးရိမ်ရ

အစ္စလာမ္မာဘတ် ဩဂုတ် ၂

ရေလွှမ်းမိုးမှုများဖြစ်ပွားနေသော ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ကူးစက်ရောဂါများကျရောက်မည်ကို စိုးရိမ်ရသဖြင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို ယင်းဒေသသို့ ပါကစ္စတန်အစိုးရက တနင်္လာနေ့က ဖြန့်ကြက်စေလွှတ်ခဲ့ကြောင်း သိရသည်။

ယင်းရေလွှမ်းမိုးမှုများသည် ပါကစ္စတန်သမိုင်းတွင် အဆိုးရွားဆုံးဖြစ်ပြီး ဩဂုတ် ၂ ရက်အထိ သေဆုံးသူ ၁၅၀၀ ကျော်မျှရှိပြီဖြစ်ကြောင်း ပါကစ္စတန် အာဏာပိုင်များက ပြောကြားသည်။

ရေဘေးကြောင့် လူနှစ်သန်းမျှ အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရပြီး ရေလွှမ်းမိုးမှုဖြစ်ပွားပြီး ရက်သတ္တတစ်ပတ်ကြာမျှအထိ ရေဘေးဒဏ် ခံနေရသော ခိုင်ဘာပွတ်ရှ်တွန်ဝါပြည်နယ်သို့ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို ပါကစ္စတန်အစိုးရက အလုံအလောက် ပေးပို့နိုင်သေးခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ရေလွှမ်းမိုးမှု ဖြစ်ပွားနေသောဒေသများ၌ ဝမ်းရောဂါ ဖြစ်ပွားမှုသတင်းများ ထွက်ပေါ်လျက်ရှိပြီး ယင်းရောဂါ ကူးစက်ပျံ့နှံ့မည်ကို ရေဘေးဒုက္ခသည်များက စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ဒေသများသို့ အမေရိကန်နိုင်ငံက ကယ်ဆယ်ရေး အထောက်အပံ့များ ပေးပို့လျက်ရှိသည်။ သို့ရာတွင် လက်ချိုခါအီးတိုင်ဘာကဲ့သို့သော အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့များကလည်း ယင်းဒေသသို့ ကယ်ဆယ်ရေးအကူအညီများ တိုးမြှင့်ပေးအပ်ရန် ကြိုးစားနေကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အင်တာနက်။***

အီရတ်၌ အကြမ်းဖက်တိုက်ခိုက် ငါးဦးသေ၊ ၁၁ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂

ဘဂ္ဂဒက်မြို့နှင့် အန်ဘာပြည်နယ်တို့၌ ဩဂုတ် ၂ ရက်က ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားရာ လူငါးဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အရပ်သား နှစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ် ဖော်လူဂျာမြို့အရှေ့ဘက် အယ်လ်ဂါမာမြို့ရှိ ရဲတပ်ဖွဲ့ဝင်တစ်ဦး၏အိမ်၌ ထောင်ထားသော ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ ၎င်း၏ဇနီးနှင့် သုံးနှစ်အရွယ်သမီးတို့ သေဆုံးခဲ့ပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်အာဖရိကဌ် သက်ကြီးရွယ်အိုဂေဟာမီးလောင် လူ ၁၈ ဦး သေဆုံး၊ ၈၄ ဦး အိုးအိမ်မဲ့ဖြစ်

ဂျိုဟန်နက်စဘတ် ဩဂုတ် ၂

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့ အရှေ့ဘက် ဒန်နေဗ့တာဒေသရှိ ပီယက်တာဝက်ဆဲလ် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာ၌ ဩဂုတ် ၁ ရက် ညပိုင်းက မီးလောင်မှု ဖြစ်ပွားရာ သက်ကြီးရွယ်အို ၁၈ ဦး သေဆုံးပြီး ၈၄ ဦး အိုးအိမ်မဲ့ ဖြစ်သွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို ရှင်းလင်းစွာ မသိရသေးချေ။ ဆေးကုသရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများကို ယင်းဒေသသို့ ညတွင်းချင်းစေလွှတ်ခဲ့ပြီး အသက်ရှင်ကျန်ရစ်သော သက်ကြီးရွယ်အိုများကို ဘေးကင်းလုံခြုံရာ နေရာသို့ ရွှေ့ပြောင်းပေးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

မီးလောင်မှုဖြစ်ပွားချိန်၌ ယင်းအဆောက်အအုံတွင် လူ ၁၀၂ ဦး ရှိကြောင်း အရေးပေါ်ကယ်ဆယ်ရေးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အစ္စရေးနှင့် ဂျော်ဒန်တို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခံရ

ဂျေရုဆလင် ဩဂုတ် ၂

အစ္စရေးနိုင်ငံ၏ အပန်းဖြေစခန်းမြို့ အီလက်နှင့် အိမ်နီးချင်းဂျော်ဒန်နိုင်ငံ၏ ပင်လယ်နီဆိပ်ကမ်းမြို့ဖြစ်သော အကာဘာတို့ကို ယနေ့နံနက်ပိုင်းက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရရာ အစ္စရေးဘက်ခြမ်းတွင် သေကျေဒဏ်ရာရမှု သတင်း မရရှိခဲ့သော်လည်း ဂျော်ဒန်ဘက်တွင်မူ တစ်ဦးသေဆုံးပြီး အနည်းဆုံး လေးဦး ဒဏ်ရာရရှိကြောင်း ဂျော်ဒန် အာဏာပိုင်များက ပြောကြားသည်။

ဒုံးကျည်များကို အီဂျစ်ပိုင် ဆိုင်းနိုင်းကျွန်းဆွယ်ဘက်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သော်လည်း အီဂျစ်နိုင်ငံက အခိုင်အမာငြင်းဆိုခဲ့သည်။ ပစ်ခတ်ခဲ့သည့် ဒုံးကျည်များအနက် သုံးစင်းမှာ ပင်လယ်နီအတွင်း ကျရောက်ခဲ့ပြီး နှစ်စင်းမှာ လူမရှိသောဒေသ၌ ပေါက်ကွဲခဲ့သည်။ ဂျော်ဒန်နိုင်ငံ အကာဘာမြို့တွင် ကျရောက်ခဲ့သော ဒုံးကျည်သည် အင်တာကွန်တင်နီတယ် ဟိုတယ် ရှေ့လမ်းပေါ်တွင် ပေါက်ကွဲခဲ့ရာ အငှားယာဉ်မောင်းတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။(ဓါတ်ပုံ) ***အင်တာနက်။***

တနင်္သာရီတိုင်း စိုက်ပျိုးရေးကြီးကြပ်မှု လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် ဩဂုတ် ၂

တနင်္သာရီတိုင်း စိုက်ပျိုးရေးကြီးကြပ်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသူများက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြကာ တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

2010 MNL
အရန်အသင်းများ အမှတ်ပေးပွဲ
ဥသျှာနှင့် ဇွဲကပင်တို့ နိုင်ပွဲများရ

ရန်ကုန် ဩဂုတ် ၂

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)ကို ယနေ့ ညနေ ၄ နာရီက ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ဥသျှာယူနိုက်တက်နှင့် ဇွဲကပင်ယူနိုက်တက်တို့ နိုင်ပွဲများ ရရှိသွားသည်။

(ပဒုမ္မာကွင်း)
ဥသျှာယူနိုက်တက် - တစ်ဂိုး
(ဇော်ဇင်ထက်)
ဧယျာရွှေမြေ - ဂိုးမရှိ

ဥသျှာယူနိုက်တက်အသင်းမှာ ယခုပွဲတွင် ဧယျာရွှေမြေအသင်း၏ ကစားကွက်ကို ထိန်းချုပ်နိုင်ခဲ့ပြီး ၁၅ မိနစ်တွင် သွင်းယူခဲ့သော ဇော်ဇင်ထက်၏ တစ်လုံးတည်းသော ဂိုးဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။ ယခုပွဲ အနိုင်ရလဒ်ကြောင့် ဥသျှာယူနိုက်တက်အသင်းမှာ အမှတ်ပေးဇယား တတိယနေရာသို့ တက်ရောက်လာခဲ့သည်။

သုံးပွဲဆက် အနိုင်ရရှိခဲ့သည့် ဧယျာရွှေမြေအသင်းမှာ ယနေ့ပွဲတွင် ပုံမှန်ခြေစွမ်း ပျောက်နေသလို ဂိုးကံခေနေခြင်းကြောင့် ဒုတိယမြောက်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဧယျာရွှေမြေအသင်းမှာ ဥသျှာယူနိုက်တက်ကို ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဥသျှာ၏ ခံစစ်ကစားပုံကို ကျော်လွှားနိုင်ခြင်းမရှိခဲ့ပေ။ စည်သူသန်း၊ မျိုးကျော်၊ မင်းချစ်သူတို့၏ ကန်သွင်းချက်များမှာ ဘားထိ၊ တိုင်ထိဖြစ်ခဲ့၍ ဧယျာရွှေမြေ ချေပဂိုးနှင့် ဝေးခဲ့ရခြင်းဖြစ်သည်။

(စလင်းကွင်း)
ဇွဲကပင်ယူနိုက်တက် - နှစ်ဂိုး
(ချစ်ကိုကိုထွေးနှင့် ညီညီနိုင်)
Southern Myanmar - တစ်ဂိုး
(ရဲအောင်)

Southern အသင်းမှာ ယနေ့ပွဲ အနိုင်ရလျှင် ဒုတိယနေရာကို ရယူနိုင်မည်ဖြစ်သော်လည်း အရှုံးရလဒ်ကြောင့် တတိယနေရာမှ စတုတ္ထနေရာသို့ ဆင်းပေးခဲ့ရသည်။ ပွဲအစ ငါးမိနစ်တွင် ရဲအောင်သွင်းယူသောဂိုးဖြင့် Southern တို့ ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ကို မထိန်းနိုင်၍ ရှုံးရခြင်းဖြစ်သည်။ ဇွဲကပင်အသင်းမှာ ယနေ့ပွဲတွင် ခြေစွမ်းပြသွားပြီး ပထမဦးဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ၁၆ မိနစ်တွင် ချစ်ကိုကိုထွေးက ချေပဂိုးသွင်းယူခဲ့ပြီး ၄၈ မိနစ်တွင် ညီညီနိုင်က အနိုင်ဂိုးသွင်းယူခဲ့သည်။

ဇွဲကပင် တိုက်စစ်မှူး ညီညီနိုင်၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို Southern နောက်ခံလူနှင့် ဂိုးသမားတို့ ကာကွယ်စဉ်။

ယနေ့ပွဲ
(စလင်းကွင်း) **ရတနာပုံ - ကမ္ဘောဇ**
(ပဒုမ္မာကွင်း) **Delta United - နေပြည်တော်**
(အောင်ဆန်းကွင်း) **ရန်ကုန်ယူနိုက်တက် - မနောမြေ**

(ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရိပ်သာလမ်းနေ ဦးဘကလေး-ဒေါ်သန်းလှ သားသမီးမြေးတို့က ငွေကျပ်ခုနစ်သိန်းကျော်တန် လီတာ ၅၀၀ ဆံ့ စတီးလ်ရေသန့်ရေချမ်းစင်နှင့် သောက်ရေသန့်စက်တစ်စုံကို ကျောင်းကုန်းမြို့ အထက(၁)သို့ ပေးအပ်လှူဒါန်းရာ အလှူရှင်ကိုယ်စား ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်း ဒု-ဥက္ကဋ္ဌ ဦးရဲမြင့် ဦးဆောင်သောအဖွဲ့က ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနှင့် ကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်လှူဒါန်းစဉ်။ (၃၆၅)

ရှင်းလင်းတင်ပြ

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင် ပြည်သူ့ဈေးအတွင်း လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်နိုင်ဦး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း ပဲခူးတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သရုပ်ပြသင်ခန်းစာသင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှမင်း ပဲခူးတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသရုပ်ပြသင်ခန်းစာ သင်ကြားခြင်းအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၂

ပဲခူးတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သရုပ်ပြသင်ခန်းစာသင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက် အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသရုပ်ပြ သင်ခန်းစာသင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပမှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် လမ်းစည်းကမ်းအသိပညာပေး ရုပ်ပြစာအုပ်များကို ပေးအပ်လှူဒါန်းရာ တိုင်းပညာရေးမှူးက လက်ခံပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် တောင်ငူတက္ကသိုလ်၌ ကျင်းပသော သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်က သုတေသနစာတမ်းဖတ်ပွဲနှင့် သုတေသနစာစောင်ထုတ်ဝေရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သုတေသနစာတမ်းများ ဖတ်ကြားကြပြီးနောက် တိုင်းမှူးသည် သုတေသနစာတမ်းရှင် ပညာရှင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ပဲခူးတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး သရုပ်ပြသင်ခန်းစာ သင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ရုပ်ပြစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ပဲခူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းအိတ်ချိန်းသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

လိုအပ်ချက်မှာကြား

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပဲခူးတိုင်း(အရှေ့) ရုံးသို့ရောက်ရှိရာ တိုင်းဆက်သွယ်ရေး မန်နေဂျာက ဆက်သွယ်ရေးဆိုင်ရာ အစီအမံများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

တိုင်းမှူးသည် ဇူလိုင် ၂၆ ရက်တွင် ပဲခူးမြို့ မဇင်းဆည်၌ ကျင်းပသော ငါးလွှတ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က မဇင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်ပေးကြပြီး တက်ရောက်လာကြသူများ၏ ငါးမျိုးများ စိုက်ထည့်ပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၈-၂၀၁၀ (အင်္ဂါနေ့) [၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)]

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ International News
၈:၃၀ ၉။ Islands of Dhamma(2)
၈:၄၀ ၁၀။ ဘဒ္ဒန္တဂုဏောသန(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်၊ ကျိုက်ပိကျောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းထံမှနဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း။
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၄:၃၀ ၄။ ရန်ကုန်တိုင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ်မြောက်ကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၁)ကျောက်တန်း] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(မြန်မာစာ၊ ရသစာပေ၊အရှေ့တိုင်းပညာအထူးပြုများ)(ဒဿနိကဗေဒ)
၅:၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၇။ တေးဂီတအစီအစဉ်
၅:၃၅ ၈။ "လေးဆူဓာတ်စံရွှေစာရံ"
၅:၄၅ ၉။ ရင်မှာစွဲထင်တေးအလှုသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ . . . ကိုယ့်ချစ်သူ" (အပိုင်း-၅)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ပြည်ထောင်စုခရီးရှည် (ရာဇာဝင်းတင့်၊ သက်မှူးဟေသီ၊ တေးရေး-မောင်မောင်ဇော်ဝင်း)
၁၉။ "ရယ်စရာဟာသများ"
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၁၅)**
၂၁။ "ရုပ်ရှင်ပဟေဠိ"
၂၂။ မင်းကွန်းဆရာတော်ကြီး၏အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၃။ အစီအစဉ်ပြီး၏။

အထက(သရက်ချောင်း)မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက်ချောင်းမြို့ အထက(သရက်ချောင်း)၌ ၁၉၅၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက (သရက်ချောင်း)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး ဦးစီးကော်မတီရုံးခန်း ဖုန်း-၀၅၉-၃၅၁၀၉၊ ဘဒ္ဒန္တသောဘိတ ဖုန်း-၀၉-၈၇၅၀၄၃၃၊ ဒေါက်တာစိုးသိန်း ဖုန်း-၀၅၉-၃၅၀၃၃၊ ဦးငွေဝင်း ဖုန်း-၀၉-၈၇၄၀၆၇၃၊ ဦးထွန်းမင်း ဖုန်း - ၀၅၉-၃၅၀၇၃၊ ဦးမိုးဝေလွင် ဖုန်း - ၀၉-၈၇၄၁၉၆၃၊ ဦးစိုးထွေး ဖုန်း - ၀၅၉-၃၅၀၆၂၊ ဦးအောင်စောလှ ဖုန်း-၀၅၉-၂၃၁၅၅၊ ဦးအလန် ဖုန်း-၀၉-၈၇၄၁၈၇၈၊ ဦးလွင်နိုင်(ဖိုးသံလုံး) ဖုန်း-၀၉-၈၇၄၁၄၃၀ နှင့် ဒေါ်သန်းသန်းနွဲ့ ဖုန်း-၀၉-၈၇၂၀၈၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အောက်မြန်မာပြည် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ ဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များဇုန်အဆင့် အမျိုးသားဘော်လီဘောပြိုင်ပွဲ ရန်ကုန်ဇုန်(၁)နှင့် ဇုန်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်(ပင်မ) အပန်းဖြေရိပ်သာ၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန် ဇုန်(၂)အုပ်စု ပတ်လည်ပွဲစဉ် (၁)မှ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အသင်းနှင့် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ (သတင်းစဉ်)

လျှပ်စစ်အားသုံးကိရိယာများအသုံးပြု၍ ပရိဘောဂများထုတ်လုပ်ခြင်း အခြေခံသင်တန်းဖွင့်

အမှာစကားပြောကြား

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းနှင့် Center for Vocational Training (C.V.T) တို့ ပူးပေါင်း၍ ရွှေ့ပြောင်းကိုင်တွယ်အသုံးပြုနိုင်သော လျှပ်စစ်အားသုံး ကိရိယာများ အသုံးပြု၍ ပရိဘောဂများထုတ်လုပ်ခြင်း အခြေခံသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သစ်လုပ်ငန်းရှင်အသင်း)

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းနှင့် Center for Vocational Training (C.V.T) တို့ ပူးပေါင်း၍ ရွှေ့ပြောင်း ကိုင်တွယ်အသုံးပြုနိုင်သော လျှပ်စစ်အားသုံးကိရိယာများ အသုံးပြု၍ ပရိဘောဂများထုတ်လုပ်ခြင်း အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သစ်အခြေခံ စက်မှုနည်းပညာသင်တန်းဌာန၌ ကျင်းပရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ယင်းသင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၂၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "စီးပွားရေးဆိုင်ရာရုံးခန်းများ သီးသန့်ပါဝင်မည့် နိုင်ငံတကာအဆင့်မီ စီးပွားရေးစင်တာ ဆူးလေဘုရားလမ်းတွင် တည်ဆောက်မည်၊ ၂၀၁၁ ITနည်းပညာ နှီးနှောဖလှယ်ပွဲကြီး ကျင်းပရန် စီစဉ်နေ၊ မြန်မာအပါအဝင် နိုင်ငံခြားကျောင်းသားအားလုံးအတွက် အင်္ဂလန်ပညာရေးစနစ်ဝင်ခွင့်ပုံစံပြောင်းလဲ၊ သစ်သားနှင့် ပလတ်စတစ်ရောစပ်ထုတ်လုပ်သည့်စက်ရုံ ရွှေ့လှ၌ လည်မည်၊ သံလိုက်နှင့် လျှပ်စီးလှိုင်းပေါင်းစပ်ထုတ်လုပ်ထားသည့် လေပေါ်လွင့်နေသော ပစ္စည်းများလူကြိုက်များနေ၊ မိုဘိုင်းဖုန်းမျိုးစုံ ၁၃၀၀၀၀ ထပ်မံတိုးချဲ့ဦးမည်၊ ရေအောက်ရှုခင်းနှင့် သုံးဖက်မြင်နည်းပညာများပါဝင်သည့် ရေသူထီးဇာတ်ကား ရိုက်ကူးပြီးစီး၊ ၂၅ နှစ်ခန့်တိမ်ကောနေသည့် ချောင်းသုံးချောင်းကို တူးဖော်ပြီးစီးတော့မည်၊ စင်ကာပူဒေါ်လာ ၁၀၀၀၀ တန် ပညာသင်ဆု မြန်မာကျောင်းသားများ လျှောက်ထားနိုင်၊ သစ်ခွအသင်းနှင့် သစ်ခွသုတေသန ဓာတ်ခွဲခန်းကြီး ပေါ်ပေါက်ရေးဆောင်ရွက်နေပြီ၊ ဆိတ်နှင့်နွားဦးနှောက်များကို သတိပြုစားသုံးသင့်၊ အများပြည်သူသုံး တယ်လီဖုန်းလုပ်ငန်းကို ပုဂ္ဂလိကလွှဲမည်ဆိုခြင်းမှာ မဟုတ်မှန်၊ အောင်ဇေယျတံတားပေါ်တွင် လိုင်းကားသုံးစီးတိုက်မိ၍ တစ်စီးမီးလောင်၊ ခရီးသည် ၁၅ ဦးဒဏ်ရာရရှိခဲ့၊ အသက်(၈၀) အရွယ်စက်ဘီးသမားကြီးနှင့်အဖွဲ့ ရက် ၆၀ ကြာ မြန်မာပြည်အနှံ့ မိုင် ၂၆၀၀ ကျော်ခရီးနှင်ခဲ့၊ ရန်ကုန်-ပုသိမ်လေကြောင်းခရီးစဉ်သစ် အပတ်စဉ် ပြေးဆွဲမည်၊ ဘင်္ဂလားဒေ့ရှ်နှင့် Online မှတစ်ဆင့် ဈေးဝယ်/ ရောင်းလုပ်နိုင်ပြီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီဌာနချုပ်ဖွင့်လှစ်၊ ဆင်ဖြူတော်ကို နေပြည်တော်သို့ ပြောင်းရွှေ့သယ်ဆောင်နေဟုဆို၊ မြူးနစ်မြို့တစ်ခွင် ရောက်ခဲ့စဉ်က၊ ခြေနင်းအားဖြင့်သွားသော ရေငုပ်သင်္ဘောတီထွင်၊ ဘင်လာဒင်နှင့် အနီးကပ်အဖွဲ့ဝင်များအား စီအိုင်အေက ခြေရာခံထားခဲ့ကြောင်း သတင်းထွက်ပေါ်၊ ခွေးလောက်ကြီးသော ကြွက်ကိုတွေ့ရှိ၊ ဥက္ကာခဲကြောင့် ဖြစ်ပေါ်ခဲ့သည့် ရောမချိုင့်ကြီးကို အီဂျစ်တွင် တွေ့ရှိ၊ ဟောင်ကောင်ကျွန်း၏ လေးဆခန့်အကျယ်ရှိ ရေညှိပင်များ တရုတ်အရှေ့ကမ်းလွန်ပင်လယ်ကမ်းခြေတစ်လျှောက် ပေါက်ပွားနေ၊ စက်ရုပ်က ၁၄ မိုင်ကျော် လမ်းလျှောက်၍ ကမ္ဘာ့စံချိန်တင်၊ လေဖြတ်နေသူကို လောက်များစားသဖြင့် သေဆုံးသွား၊ ပြင်သစ်သမ္မတကတော် ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ခြေလှမ်းစ၊ တစ်ပတ်အတွင်း ဗန်ကောက်မြို့တွင် ဒုတိယအကြိမ်ဗုံးပေါက်ကွဲ၊ ပါကစ္စတန်တွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၁၂၀၀ ကျော်သေဆုံး၊ ဗန်ကောက်တွင် ရုပ်နီအုပ်စုက ဆန္ဒပြ" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

အဖွင့်အမှာစကား ပြောကြားရာ၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများကို မြန်မာနိုင်ငံ၌ ၂၀၀၃ ခုနှစ်ကစ၍ နှစ်စဉ် စက်တင်ဘာလ(ပထမပတ်)တွင် ကျင်းပခဲ့ရာမှ ၂၀၀၉ ခုနှစ်မှစ၍ ကိုယ်ဝန်ဆောင်များ အာဟာရပြည့်ဝ၍ ကျန်းမာသန်စွမ်းသော ရင်သွေးငယ်များ မွေးဖွားလာရေး၊ ငါးနှစ်အောက်ကလေးများ အာဟာရပြည့်ဝ၍ ပုံမှန်ကြီးထွားဖွံ့ဖြိုးစေရန်ရည်ရွယ်လျက် ဩဂုတ်လကို အာဟာရဖွံ့ဖြိုးရေးလအဖြစ် သတ်မှတ်၍ တစ်နိုင်ငံလုံး လွှမ်းခြုံမိအောင် ကျင်းပခဲ့ကြောင်း။

ကျန်းမာရေးဝန်ထမ်းများအပြင် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများကလည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းမှာကြားလိုပါကြောင်း။

ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်သားဖွားဆရာမများ၊ လူထုကျန်းမာရေးလုပ်သားများ၊ ကျေးရွာ/ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များပူးပေါင်း၍ လူထုလှုပ်ရှားမှုအသွင်နှင့် စည်းရုံးဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားထုပ်များ၊ အားဆေးများနှင့် အနှီးပိတ်များကို ကူညီပံ့ပိုးပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမကြီး၌ ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၏ လူမှုရေးဆောင်ရွက်ချက်မှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အာဟာရနှင့် စပ်လျဉ်းသည့် ပညာပေးဟောပြောပွဲကို ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(အာဟာရ) ဒေါက်တာ ဒေါ်အေးအေးသော်က " ကိုယ်ဝန်ဆောင်နှင့် မိခင်အာဟာရ"ခေါင်းစဉ်ဖြင့် ပညာပေး ဟောပြောကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

နေပြည်တော်ပျဉ်းမနားမြို့နယ်အသင်း (ရန်ကုန်)၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အသင်းဂုဏ်ထူးဆောင်နာယက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ နေပြည်တော်ပျဉ်းမနားမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၈-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ဝိပဿနာအလုပ်ပေးတရား" (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၆)**
- ၈း၃၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၂)
- ၉း၁၀ Activities In The City [ကျောက်ဆည်အသင်း(ရန်ကုန်)၏ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ]
- ၉း၂၅ True Value (Your One Stop Solution Partner)
- ၉း၄၀ Cartoon Show Time (Hercules)
- ၁၀း၂၀ ရင်သပ်ရှုမောဖွယ်ရာ. . . အံ့ဩသင့်ဖွယ်ရာ. . . စိတ်၏ ငြိမ်းချမ်းမှုများပေါင်းဆုံရာ
- ၁၀း၃၀ ပုဂံမှာတည်ရှိသည်
- ၁၀း၅၀ Sports Diary
- ၁၁း၁၅ Rainforest Homeland (အပိုင်း-၂)
- ၁၁း၄၀ သင်ကြားရေးလမ်းညွှန် (Gallant Training Centre)
- ၁၂း၀၀ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးကျန်းမာရေးပညာပေး ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသိဂီမြင့်)
- ၁၂း၃၅ i Biz Service Provider မှကြီးမှူးကျင်းပသော အွန်လိုင်းပေါ်မှ (၂၀၁၀)ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ဆုပေးပွဲ အခမ်းအနား
- ၁၂း၄၅ ရွှင်မြူးသီကြွေးကဗျာတေး (ဥပုသ်စောင့်)
- ၁၂း၅၀ ရင်သပ်ရှုမောဖွယ်ရာ. . . အံ့ဩသင့်ဖွယ်ရာ. . . စိတ်၏ ငြိမ်းချမ်းမှုများပေါင်းဆုံရာ
- ၁း၀၀ "ဝိပဿနာအလုပ်ပေးတရား" (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ World Of Knowledge (Japanese Cowboy)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၆)**
- ၄း၁၅ တေးဂီတအစီအစဉ်
- ၄း၃၀ ပုဂံမှာတည်ရှိသည်
- ၄း၅၀ မြန်မာနိုင်ငံကာယဗလ၊ ကာယအလှအဖွဲ့ချုပ်နှင့် MGS Beverages Co.,Ltd. တို့ပူးပေါင်း ကျင်းပသည့်Mr.Crusher/Ms.Quench ကာယဗလမောင်နှင့် ကာလအလှမယ်ပြိုင်ပွဲ
- ၅း၁၀ True Value (Your One Stop Solution Partner)
- ၅း၂၅ Activities In The City [ကျောက်ဆည်အသင်း(ရန်ကုန်)၏ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ]
- ၅း၄၀ Celebrity Style (နေခြည်လင်းလဲ့)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သင်ကြားရေးလမ်းညွှန် (Gallant Training Centre)
- ၆း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Casabella Great Sales)
- ၇း၀၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၃)
- ၇း၄၅ i Biz Service Provider မှကြီးမှူးကျင်းပသော အွန်လိုင်းပေါ်မှ (၂၀၁၀)ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ဆုပေးပွဲ အခမ်းအနား
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Cartoon Show Time (Hercules)
- ၉း၁၅ Celebrity Style (နေခြည်လင်းလဲ့)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၆၆)**
- ၁၀း၀၀ Sunday Talk
- ၁၀း၄၅ Sports World
- ၁၁း၁၀ မေတ္တာရောင်ပြန် (ဇေယျ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည်) [ဒါရိုက်တာ- ဝင်းမောင်ရွှေ (Art)]
- ၁၁း၃၀ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်. . .
- ၁၁း၄၀ ဖော်ရွေပျူငှာနွေးထွေးမှုများနှင့် Friendship Hotel
- ၁၁း၅၅ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပီလောပီနံ)
- ၁၂း၀၀ လေ့လာသင်ကြားစရာ သံစဉ်မဲ့ဘာသာ
- ၁၂း၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အား ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပတ်ယွီချွမ်းနှင့်အဖွဲ့ နေပြည်တော် ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ၌ အလည်အပတ်ခရီးရောက်ရှိနေသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပတ်ယွီချွမ်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီး မစ္စတာပတ်ယွီချွမ်းနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၏ဖိတ်ကြားချက်အရ ဇူလိုင် ၂၉ ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိပြီး ဇူလိုင် ၃၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် အမျိုးသားပြတိုက်သို့လည်းကောင်း၊ ဇူလိုင် ၃၀ ရက်တွင် နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်သို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပတ်ယွီချွမ်းနှင့်အဖွဲ့သည် ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြကာ ညနေပိုင်းတွင် ကန်တော်ကြီး သဘာဝဥယျာဉ်နှင့် ရန်ကုန်မြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၈-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ -ဇနကဇွဲဖြင့် အောင်ပွဲဆီသို့ ခြိုးခြံနေထိုင်ကြိုးစားသည်
- ၇း၂၀ ၄။ ဓမ္မပူဇာတေး
- ၇း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၀။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၆)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၆း၄၀ ၁၅။ အကြင်နာလက်တစ်စုံ
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၃၅)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ မွေးမြူသုတ
- ၂၂။ ဟာသရုပ်စုံ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၂)**
- ၂၅။ Mini Series (အပိုင်း-၂)
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရွေးကောက်ပွဲတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဒီမို

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ခုနှစ်အတွင်း လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက ရွေးချယ်ကြတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကိုယ်စား နိုင်ငံတော် အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များအား မိမိတို့၏လွတ်လပ်သည့် ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ကြသည့် ဒီမိုကရေစီကျင့်စဉ်တစ်ခုပင် ဖြစ်ပါသည်။ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ညီညွတ်လျှင် မဲဆန္ဒပေးခြင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံခြင်းဟူသော ဒီမိုကရေစီ အခွင့်အရေးများကို မည်သူမဆို ကျင့်သုံးခွင့် ရှိပေသည်။

ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများက မိမိတို့အား ကိုယ်စားပြု၍ မိမိတို့နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို ထမ်းရွက်ကြမည့် ပြည်သူ့ကိုယ်စားလှယ်များအား ရွေးချယ်ကြခြင်းဖြစ်သဖြင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်မည့် နိုင်ငံတိုင်းတွင် အထူးအမွန်အမြတ်ထားလေ့ရှိကြသည်။ ရွေးကောက်ပွဲကို နိုင်ငံတော်ဘဏ္ဍာ အမြောက်အမြား အကုန်အကျခံ၍ကျင်းပသည်။ ရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကိုလည်း ဖွဲ့စည်းတာဝန်ပေးသည့်အပြင် ကျွမ်းကျင်မှုသင်တန်းများလည်း ပို့ချသည်။ ရွေးကောက်ပွဲလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းစောင့်ကြပ်ကြသည့်နည်းတူ နိုင်ငံ့ဝန်ထမ်းအသီးသီးကလည်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ကျရာတာဝန်ကို ထမ်းရွက်ကြသည်။ ရွေးကောက်ပွဲကို အနှစ်သာရရှိရှိ၊ အေးအေးချမ်းချမ်း၊ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ထောင်လိုသူတိုင်း၏ တူညီသောဆန္ဒပင်ဖြစ်သည်။

တစ်ဖက်တွင် နိုင်ငံတော်နှင့် ပြည်သူတို့က တည်ငြိမ်အေးချမ်းအောင်မြင်သော ရွေးကောက်ပွဲဖြစ်မြောက်ရန် ကြိုးပမ်းလေ့ရှိကြသော်လည်း အခြားတစ်ဖက်တွင် အကြောင်းအမျိုးမျိုးပြ၍ ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးပြုလိုသူများ၏ အန္တရာယ်များနှင့်လည်း ကြုံတွေ့ရလေ့ရှိသည်။ သို့ဖြစ်ရာ ခေတ်အဆက်ဆက်တွင် ရွေးကောက်ပွဲအောင်မြင်စေရန်နှင့် ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေးများ ထိခိုက်နစ်နာမှုမရှိစေရန် လိုအပ်သော ဥပဒေများပြဋ္ဌာန်းကျင့်သုံးခဲ့ရကြောင်း တွေ့ရှိရသည်။

၁။ ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး) ပြဋ္ဌာန်းချက်များ

ပြစ်မှုဆိုင်ရာဥပဒေတွင် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၁၇၁-က ။ ။ ဤအခန်းပါကိစ္စများအလို့ငှာ -

(က) "အရွေးခံသူ" ဆိုသူမှာ ရွေးကောက်ပွဲအတွက် အရွေးခံသူ အဖြစ်ဖြင့် အမည်တင်သွင်းခြင်းခံရသူကို ဆိုလိုသည်။ ထိုစကားရပ်၌ ရွေးကောက်ပွဲကျင်းပရန် စီစဉ်နေခိုက်တွင် အရွေးခံသူအဖြစ်ဖြင့် ပါဝင်မည်ဟု ထုတ်ဖော်ပြောဆိုသောသူလည်း ပါဝင်သည်။ သို့ရာတွင် ထိုသူသည် ထိုသို့ထုတ်ဖော်ပြောဆိုပြီး နောက် ရွေးကောက်ပွဲအတွက် အရွေးခံသူအဖြစ် အမည်တင်သွင်းခြင်းခံရသူဖြစ်ရမည်။

(ခ) "ရွေးကောက်မှု အခွင့်အရေး" ဆိုသည်မှာ ရွေးကောက်ပွဲတွင် အရွေးခံသူအဖြစ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သော အခွင့်အရေး၊ သို့တည်းမဟုတ် မပါဝင်မယှဉ်ပြိုင်ဘဲနေနိုင်သော အခွင့်အရေး၊ သို့တည်းမဟုတ် အရွေးခံသူအဖြစ်မှ နုတ်သိမ်းနိုင် သော အခွင့်အရေး၊ သို့တည်းမဟုတ် ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး၊ သို့တည်းမဟုတ် မဲမပေးဘဲနေနိုင်သော အခွင့်အရေးကို ဆိုလိုသည်။

ပုဒ်မ ၁၇၁-ခ ။ (၁) မည်သူမဆို -

(က) ရွေးကောက်မှုအခွင့်အရေးကို သုံးစွဲစေရန် တစ်ဦး တစ်ယောက်ကိုသော်လည်းကောင်း၊ အခြားသူကိုသော်လည်းကောင်း သွေးဆောင်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ထိုအခွင့်အရေးကို သုံးစွဲခဲ့သည့်အတွက် ဆုလာဘ်ပေးလို သော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ထိုသူအား တံစိုးပေးလျှင်၊ သို့တည်းမဟုတ်

(ခ) ထိုအခွင့်အရေးကို သုံးစွဲသည့်အတွက် ဆုလာဘ်အဖြစ်ဖြင့်၊ သို့တည်းမဟုတ် ထိုအခွင့်အရေးကို သုံးစွဲစေရန် အခြားသူတစ်ဦးကို သွေးဆောင်သည့်အတွက်၊ သို့တည်းမဟုတ် သွေးဆောင်ရန် အားထုတ်သည့်အတွက်၊ မိမိအဖို့ဖြစ်စေ၊ အခြားသူအဖို့ဖြစ်စေ တံစိုးကိုလက်ခံလျှင် ထိုသူသည် လာဘ်ပေးယူမှု ကျူးလွန်သည်။ သို့ရာတွင် ပြည်သူ့ဆိုင်ရာဝါဒကို ကြေညာခြင်းသည်၊ သို့တည်းမဟုတ် ပြည်သူ့ဆိုင်ရာ လမ်းစဉ်ကို ကတိပြုခြင်းသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာမရောက်။

(၂) တံစိုးပေးရန် ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် သဘောတူလျှင်၊သို့တည်းမဟုတ် တံစိုးကို သူတစ်ပါးရယူရန် ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် အားထုတ်လျှင် ထိုသူသည် တံစိုးပေးသည်မည်၏။

(၃) တံစိုးကိုရယူလျှင်၊ သို့တည်းမဟုတ် လက်ခံရန် သဘောတူလျှင်၊ သို့တည်းမဟုတ် ရယူရန် အားထုတ်လျှင် ထိုသူသည် တံစိုးကို လက်ခံသည်မည်၏။ ပြုရန် မိမိမကြံရွယ်သော ကိစ္စအတွက်ပြုစေရန် ရည်ရွယ်ချက် အဖြစ်ဖြင့်ပေးသော တံစိုးကို လက်ခံလျှင်၊ သို့တည်းမဟုတ် ကိစ္စတစ်ခုကို မိမိမပြုခဲ့သော်လည်း ထိုကိစ္စအတွက် ဆုလာဘ်အဖြစ်ဖြင့် တံစိုးကို လက်ခံလျှင် ထိုသူသည် တံစိုးကို ဆုလာဘ်အဖြစ်ဖြင့် လက်ခံသည်မည်၏။

ပုဒ်မ ၁၇၁-ဂ ။(၁) မည်သူမဆို၊ ရွေးကောက်ပွဲတစ်ခုခု၌ ရွေးကောက်မှုအခွင့်အရေး လွတ်လပ်စွာ သုံးစွဲခြင်းကို မိမိအလိုအလျောက် နှောင့်ယှက်လျှင်၊ သို့တည်းမဟုတ် နှောင့်ယှက်ရန် မိမိအလိုအလျောက် အားထုတ်လျှင် ရွေးကောက်ပွဲ၌ မလျော်ဩဇာသုံးမှုကို ကျူးလွန်သည်။

(၂) ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ မည်သူမဆို-

(က) အရွေးခံသူကိုသော်လည်းကောင်း၊ မဲဆန္ဒရှင်ကိုသော်လည်းကောင်း၊ အရွေးခံသူက ဖြစ်စေ၊ မဲဆန္ဒရှင်ကဖြစ်စေ အကျိုးလိုလားသော သူကိုသော်လည်းကောင်း တစ်နည်းနည်းဖြင့် နစ်နာစေမည်ဟု ခြိမ်းခြောက်လျှင်၊ သို့တည်းမဟုတ်

(ခ) အရွေးခံရသူကိုသော်လည်းကောင်း၊ မဲဆန္ဒရှင်ကိုသော်လည်းကောင်း၊ အရွေးခံသူကဖြစ်စေ၊ မဲဆန္ဒရှင်ကဖြစ်စေ အကျိုးလိုလားသောသူကိုသော်လည်းကောင်း သက်ဆိုင်ရာ ဘာသာအယူဝါဒအရ အပြစ်ရောက်စေမည်ဟု ယုံကြည်အောင် ထိုအရွေးခံသူကိုဖြစ်စေ၊ ထိုမဲဆန္ဒရှင်ကိုဖြစ်စေ သွေးဆောင်လျှင်၊ သို့တည်းမဟုတ် ထိုသို့သွေးဆောင်ရန် အားထုတ်လျှင် ထိုသူသည် ပုဒ်မခွဲ(၁)၏ အဓိပ္ပာယ်အရ ထိုအရွေးခံသူ၏၊ သို့တည်းမဟုတ် ထိုမဲဆန္ဒရှင်၏ ရွေးကောက်မှုအခွင့်အရေး လွတ်လပ်စွာ သုံးစွဲခြင်းကို နှောင့်ယှက်သည်ဟု မှတ်ယူရမည်။

(၃) ပြည်သူ့ဆိုင်ရာဝါဒကို ကြေညာခြင်းသည်၊ သို့တည်းမဟုတ် ပြည်သူ့ဆိုင်ရာလမ်းစဉ်ကို ကတိပြုခြင်းသည်၊ သို့တည်းမဟုတ် ရွေးကောက်မှုအခွင့်အရေးကို နှောင့်ယှက်ရန် မကြံရွယ်ဘဲ တရားဝင်အခွင့်အရေးသုံးစွဲခြင်း သက်သက်သည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ နှောင့်ယှက်ခြင်းဖြစ်သည်ဟု မမှတ်ယူရ။

ပုဒ်မ ၁၇၁-ဃ ။ ရွေးကောက်ပွဲတွင် ရှင်သူတစ်ဦးဦး၏ အမည်နှင့်ဖြစ်စေ၊ သေသူတစ်ဦးဦး၏ အမည်နှင့်ဖြစ်စေ၊ ကြံစည်ဖန်တီးသော အမည်နှင့်ဖြစ်စေ မည်သူမဆို၊ မဲဆန္ဒ အမှတ်အသားကို တောင်းဆိုလျှင် သို့တည်းမဟုတ် မဲပေးလျှင်၊ သို့တည်းမဟုတ် ရွေးကောက်ပွဲ၌ မဲတစ်ကြိမ်ပေးပြီးဖြစ်လျက်၊ ထိုရွေးကောက်ပွဲ၌ပင် မဲဆန္ဒအမှတ်အသားကို မိမိအမည်နှင့် တောင်းဆိုလျှင်၊ ထို့ပြင် ဆိုခဲ့သော နည်းလမ်းတစ်ခုခုဖြင့် အခြားသူမဲပေးခြင်းကို အားပေးကူညီလျှင် သို့တည်းမဟုတ် ထိုသို့မဲပေးခြင်းကို ဖြစ်မြောက်စေလျှင်၊ သို့တည်းမဟုတ် ဖြစ်မြောက်စေရန် အားထုတ်လျှင် ထိုသူသည် ရွေးကောက်ပွဲတွင် သူတစ်ပါးအယောင်ဆောင်မှုကို ကျူးလွန်သည်။

ပုဒ်မ ၁၇၁-င ။ မည်သူမဆို၊ လာဘ်ပေးယူမှုကို ကျူးလွန်လျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ခြွင်းချက်။ ။ သို့ရာတွင်၊ ပြုစုခြင်းဖြင့် လာဘ်ပေးယူမှုကို ကျူးလွန်လျှင်၊ ငွေဒဏ်သက်သက်သာ ချမှတ်ရမည်။

ရှင်းလင်းချက်။ ။ "ပြုစုခြင်း"ဆိုသည်မှာ အစား၊ အသောက်၊ ဖျော်ဖြေမှု၊ရိက္ခာတစ်ခုခုဖြင့် တံစိုးအပေးအယူပြုသော လာဘ်ပေးယူမှုမျိုးကို ဆိုလိုသည်။

ပုဒ်မ ၁၇၁-စ ။ မည်သူမဆို၊ ရွေးကောက်ပွဲတွင် မလျော်ဩဇာသုံးမှုကို၊ သို့တည်းမဟုတ် သူတစ်ပါးအယောင်ဆောင်မှုကို ကျူးလွန်လျှင်၊

ဥပ

ထိုသူကို တစ်နှစ်
ဒဏ်နှစ်ရပ်လုံးဖြစ်
ခြွင်းချက်။

ပုဒ်မ ၁၇၁-ဆ ။
အကြံဖြင့် အရွေး
စပ်လျဉ်း၍ မမှန်
လည်းဖြစ်သော
သို့တည်းမဟုတ် မှ
ကြောင်းခြင်းရာ
ကို မည်သူမဆို၊
ငွေဒဏ်ချမှတ်ရမ
ပုဒ်မ ၁၇၁-ဇ ။
ဖြစ်စေ၊ အထူးခွင့်
အားပေးရန်၊ သို့တ
ဆိုင်သော အစည်
သော်လည်းကော
ဖြန့်ချိစာပို့သည့်
အတွက်သော်လ
ကောင်း မည်သူမ
အခွင့်ပြုလျှင်၊ ထို
ခြွင်းချက် ။

ပုဒ်မ ၁၇၁-ဈ ။
ကဲ့သို့ပင် အာဏ
ရွေးကောက်ပွဲတစ်
စပ်လျဉ်း၍သော်
ပြုလုပ်ထားရှိရန်
မည်သူမဆို၊ ပျက်
ပုဒ်မ ၁၇၁-ည ။
ပြုရန် တာဝန်ရှိ
ရွေးကောက်ပွဲအ
ဥပဒေနှင့်အညီ
မဟုတ် မဲလက်မှ
ထားသော မဲပြားမဲ
ထားလျှင်၊ သို့တ
အဆိုပါမဲရုံ အ
မဲလက်မှတ်တစ်ခု
မဲပြားလက်မှတ်
ထိုသူအား နှစ်နှစ်
ငွေဒဏ်လည်း ချ
သည်။

၂။ နိုင်ငံတော်တာ
ပေးရေးနှင့် အမျိုး
ရွက်ရေးတို့ကို နှေ
အမျိုးသားညီ
ယှက်ဖျက်ဆီးခြင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် အခန်း ၉၊ ပုဒ်မ ၃၉၁ မှ ပုဒ်မ ၄၀၃ အထိ ရွေးကောက်တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားပြီး ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများပေးထားသည်ကို တွေ့ရှိရပါသည်။ အလားတူ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်လည်းကောင်း၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ပေးထားခဲ့ကြောင်း တွေ့ရှိရပေသည်။

...ရေးနှင့် ဒီမိုကရေစီ

ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများက မိမိတို့အား ကိုယ်စားပြု၍ မိမိတို့နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို ထမ်းရွက်ကြမည့် ပြည်သူ့ကိုယ်စားလှယ်များအား ရွေးချယ်ကြခြင်းဖြစ်သဖြင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်မည့် နိုင်ငံတိုင်းတွင် အထူးအမွန်အမြတ်ထားလေ့ရှိကြသည်။ ရွေးကောက်ပွဲကို နိုင်ငံတော်ဘဏ္ဍာ အမြောက်အမြား အကုန်အကျခံ၍ကျင်းပသည်။ ရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကိုလည်း ဖွဲ့စည်းတာဝန်ပေးသည့်အပြင် ကျွမ်းကျင်မှု သင်တန်းများလည်း ပို့ချသည်။ ရွေးကောက်ပွဲလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းစောင့်ကြပ်ကြသည့်နည်းတူ နိုင်ငံ့ဝန်ထမ်းအသီးသီးကလည်း ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ကျရာတာဝန်ကို ထမ်းရွက်ကြသည်။ ရွေးကောက်ပွဲကို အနှစ်သာရရှိရှိ၊ အေးအေးချမ်းချမ်း၊ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ထောင်လိုသူတိုင်း၏ တူညီသောဆန္ဒပင် ဖြစ်သည်။

ဥပဒေလေ့လာသူတစ်ဦး

ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ခြွင်းချက်။ ။ သို့ရာတွင် ပါလီမန်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍၊ သူတစ်ပါးအယောင်ဆောင်မှု ကျူးလွန်လျှင်၊ ထိုသူအား နှစ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ပုဒ်မ ၁၇၁-ဆ ။ ရွေးကောက်ပွဲ၏ မဲရအခြေအနေကို ထိခိုက်စေရန် အကြံဖြင့် အရွေးခံရသူ၏ စာရိတ္တနှင့် ဖြစ်စေ၊ အပြုအမူနှင့် ဖြစ်စေ စပ်လျဉ်း၍ မမှန်သည်လည်းဖြစ်သည့်ပြင် မမှန်ကြောင်း မိမိသိသည်လည်းဖြစ်သော သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော၊ သို့တည်းမဟုတ် မှန်သည်ဟု မိမိယုံကြည်ခြင်း မရှိသည်လည်းဖြစ်သော ကြောင်းခြင်းရာ ဖော်ပြချက်သဘောသို့ သက်ရောက်သည့်ဖော်ပြချက်ကို မည်သူမဆို၊ ပြုလျှင်၊ သို့တည်းမဟုတ် ကြေညာလျှင် ထိုသူကို ငွေဒဏ်ချမှတ်ရမည်။

ပုဒ်မ ၁၇၁-ဇ ။ အရွေးခံသူတစ်ဦး၏ ယေဘုယျခွင့်ပြုစာကို ဖြစ်စေ၊ အထူးခွင့်ပြုစာကို ဖြစ်စေ မရရှိဘဲ ထိုသူ အရွေးခံရခြင်းကို အားပေးရန်၊ သို့တည်းမဟုတ် ဖြစ်မြောက်စေရန်အလို့ငှာ ပြည်သူတို့နှင့် ဆိုင်သော အစည်းအဝေးတစ်ရပ်ရပ် ကျင်းပပြုလုပ်သည့်အတွက် သော်လည်းကောင်း၊ ကြေညာသည့်အတွက် သော်လည်းကောင်း၊ ဖြန့်ချိစာပို့သည့် အတွက်သော်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေသည့် အတွက်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း မည်သူမဆို စရိတ်ကျခံလျှင်၊ သို့တည်းမဟုတ် စရိတ်ကျခံရန် အခွင့်ပြုလျှင်၊ ထိုသူကို ငါးရာထိငွေဒဏ်ချမှတ်ရမည်။

ခြွင်းချက် ။ ။ သို့ရာတွင် တစ်ဦးတစ်ယောက်သောသူသည် အခွင့်ပြုစာ မရရှိဘဲ ငွေတစ်ဆယ်ထက်မပိုသော စရိတ်ကို ကျခံပြီးနောက်၊ ထိုစရိတ်များကို ကျခံသည့်နေ့မှ ဆယ်ရက်အတွင်း အရွေးခံသူ၏ စာဖြင့် ရေးသားသည့် သဘောတူညီချက်ကို ရရှိလျှင်၊ ထိုသူသည် ထိုအရွေးခံသူ၏ခွင့်ပြုစာဖြင့် ထိုစရိတ်များကို ကျခံသည်ဟု မှတ်ယူရမည်။

ပုဒ်မ ၁၇၁-ဈ ။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဥပဒေကဲ့သို့ပင် အာဏာရှိသော နည်းဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ရွေးကောက်ပွဲတစ်ခုခု၌ သော်လည်းကောင်း၊ ရွေးကောက်ပွဲ တစ်ခုခုနှင့် စပ်လျဉ်း၍သော်လည်းကောင်း ကုန်ကျသောစရိတ်ကို ငွေစာရင်း ပြုလုပ်ထားရှိရန် တာဝန်ရှိလျက်နှင့် ထိုငွေစာရင်းကို ပြုလုပ်ထားရှိရန် မည်သူမဆို၊ ပျက်ကွက်လျှင်၊ ထိုသူကို ငါးရာထိ ငွေဒဏ်ချမှတ်ရမည်။

ပုဒ်မ ၁၇၁-ည ။ မည်သူမဆို၊ မိမိကိုယ်တိုင်က သက်သေထင်ရှားပြရန် တာဝန်ရှိသော ဥပဒေနှင့်အညီ အပြစ်တွင် ကင်းလွတ်ခွင့်မရှိဘဲ ရွေးကောက်ပွဲအတွက် မဲပေးရာဖြစ်သော မဲရုံအတွင်း၌၊ မိမိ၏မဲကို ဥပဒေနှင့်အညီပေးရန် အလို့ငှာမှတစ်ပါး မဲပြားတစ်ခုကို သို့တည်းမဟုတ် မဲလက်မှတ်တစ်ခုကို သို့တည်းမဟုတ် အရောင်တူ အတုပြုထားသော မဲပြားမဲလက်မှတ် တစ်ခုကိုဖြစ်စေ၊ အများကိုဖြစ်စေ လက်ရှိထားလျှင်၊ သို့တည်းမဟုတ် ဆက်လက်ထားရှိလျှင်၊ သို့တည်းမဟုတ် အဆိုပါမဲရုံ အပြင်ဘက်၌ မဲပြားတစ်ခုကို၊ သို့တည်းမဟုတ် မဲလက်မှတ်တစ်ခုကို သို့တည်းမဟုတ် အရောင်တူအတုပြုထားသော မဲပြားလက်မှတ် တစ်ခုကိုဖြစ်စေ၊ အများကိုဖြစ်စေ လက်ရှိထားလျှင် ထိုသူအား နှစ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။" ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

၂။ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ

အမျိုးသားညီလာခံ၏ လုပ်ငန်းများ ထိခိုက်ပျက်ပြားစေရန် နှောင့်ယှက်ဖျက်ဆီးခြင်း၊ အမျိုးသားညီလာခံကို သေးသိမ်စေရန်လည်းကောင်း၊ ပြည်သူများ အထင်အမြင်လွဲမှားစေရန် လည်းကောင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ ရေးသားဖြန့်ဝေခြင်း စသည့် လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင်နေကြသည်ကို တွေ့ရှိရသဖြင့် ယင်းလုပ်ငန်းများသည် နိုင်ငံတော်တွင် စစ်မှန်သော၊ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးနိုင်ရေး၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတို့ကို ဟန့်တားနှောင့်ယှက်ဆန့်ကျင်ရာ ရောက်သောကြောင့် ယင်းတို့ကို အကာအကွယ်ပေးရန်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ အထက်ပါဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုအခါ အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သော်လည်း နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးနိုင်ရေးနှင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတာဝန်နှစ်ရပ်ကို ဆက်လက် အကောင်အထည်ဖော်ဆဲဖြစ်သည်။ သို့ဖြစ်ရာ ယင်းကျန်ရှိသော လုပ်ငန်းတာဝန်နှစ်ရပ်ကို အကောင်အထည်ဖော်ရာတွင်လည်း ယင်းဥပဒေပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင် တည်တံ့ဆဲဖြစ်ပေသည်။

ယင်းဥပဒေတွင် တားမြစ်ချက်နှင့် ပြစ်ဒဏ်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၃ ။ မည်သူမဆို သို့မဟုတ် မည်သည့်အဖွဲ့အစည်းမဆို အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ-

(က) နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ခ) အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးကို ရှေးရှု၍ အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ထိခိုက်ပျက်ပြားစေရန်ဖြစ်စေ၊ သေးသိမ်စေရန်ဖြစ်စေ၊ ပြည်သူများ အထင်အမြင် လွဲမှားစေရန် ဖြစ်စေ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဃ) တရားဝင်ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ အမျိုးသားညီလာခံ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း သို့မဟုတ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခြင်း သို့မဟုတ် ရေးဆွဲဖြန့်ဝေခြင်း၊

(င) အထက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

ပုဒ်မ ၄ ။ မည်သူမဆို ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး (၅)နှစ်မှ အများဆုံး(၂၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ပုဒ်မ ၅ ။ ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို အဖွဲ့အစည်းတစ်ခုခုက ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခု၏ စီစဉ်ဆောင်ရွက်မှုဖြင့်သော်လည်းကောင်း၊ အားပေးကူညီမှုဖြင့်သော်လည်းကောင်း မည်သူမဆို ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ ယင်းအဖွဲ့အစည်းကို-

(က) ကာလသတ်မှတ်၍ ရပ်ဆိုင်းထားနိုင်သည်၊

(ခ) ဖျက်သိမ်းနိုင်သည် သို့မဟုတ်

(ဂ) မတရားအသင်းများ ဥပဒေအရ မတရားအသင်းအဖြစ် ကြေညာနိုင်သည်။

ပုဒ်မ ၆ ။ ပုဒ်မ ၅ အရ အရေးယူခြင်းခံရသည့် အဖွဲ့အစည်းပိုင်ငွေကြေးနှင့် ပစ္စည်းအရပ်ရပ်ကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

ယင်းဥပဒေတွင် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ အကာအကွယ်ပေးရန်ဟူသော ရည်ရွယ်ချက်(၂)ရပ်ဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်ရာ ယခုအခါ အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ပုဒ်မ ၃(ဂ)နှင့် (ဃ)ပါ ပြဋ္ဌာန်းချက်များကို ငြိစွန်းနိုင်သောဖြစ်ရပ်များပေါ်ပေါက်ရန် မရှိနိုင်တော့ပါ။ သို့သော် ပုဒ်မ ၃(က)၊ (ခ)နှင့် (င)တို့ပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ယင်းပြဋ္ဌာန်းချက်ပါ တားမြစ်ချက်များကို ငြိစွန်းသောဖြစ်ရပ်များပေါ်ပေါက်လာပါက ယင်းဥပဒေပုဒ်မ ၃(က)၊ (ခ)နှင့် (င)တို့အရ အရေးယူဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

၃။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့် ပြစ်ဒဏ်များကို ၁၉၇၃ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင်လည်းကောင်း၊ ၁၉၇၆ ခုနှစ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေတွင်လည်းကောင်း၊ ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင်လည်းကောင်း ထည့်သွင်းပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပေသည်။

၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)တွင် အခန်း ၉၊ ပုဒ်မ ၃၉၁ မှ ပုဒ်မ ၄၀၃ အထိ ရွေးကောက်တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားပြီး ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများပေးထားသည်ကို တွေ့ရှိရပါသည်။ အလားတူ ၁၉၄၇ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်လည်းကောင်း၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ပေးထားခဲ့ကြောင်း တွေ့ရှိရပေသည်။

(ဆက်လက်ဖော်ပြပါမည်။)

❑ ကျောဖုံးမှ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန (စိုက်/မွေး)လုပ်ငန်းလက်အောက်မှာရှိတဲ့ ပြင်ဦးလွင် ကော်ဖီစက်ရုံဟာ ပြည်တွင်းထွက်ကော်ဖီဆန်ကုန်ကြမ်းတွေကို အသုံးပြုပြီး သဘာဝအနံ့အရသာနှင့် အရည်အသွေးမီ ကော်ဖီမှုန့်တွေ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါတယ်။

ပြင်ဦးလွင် ကော်ဖီစက်ရုံဟာ ပြည်တွင်းထွက်ကုန်ကြမ်းတွေကိုသာ အသုံးပြုပြီး မလိုလားအပ်တဲ့ အခြားပစ္စည်းတွေ ရောနှောခြင်း၊ ဓာတ်ပစ္စည်းတွေ ရောနှောထောက်ကူခြင်းမပြုဘဲ လူတိုင်းသောက်သုံးနိုင်ဖို့ သင့်လျော်တဲ့ သဘာဝကော်ဖီမှုန့်စစ်စစ်ကိုသာ ထုတ်လုပ်ရောင်းချဖို့၊ ပြည်ပဈေးကွက် ရှိလာပါကလည်း နိုင်ငံအလိုက် ၎င်းတို့စိတ်ကြိုက်မှာယူတဲ့ အရည်အသွေးအတိုင်း ထုတ်လုပ်တင်

ပို့ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေ ချမှတ်လုပ်ဆောင်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ကော်ဖီမှုန့် ထုတ်လုပ်ခြင်းလုပ်ငန်းကို ၁၉၃၀ ခုနှစ် လောက်ကတည်းက ပြင်ဦးလွင်မြို့မှာ ဦးဘတူဆိုသူက စတင်လုပ်ကိုင်ခဲ့တာပါ။

အဲဒီတုန်းက ကော်ဖီစေ့ကို မီးသွေးနဲ့ လှော်ပြီး လက်လှည့်ကြိတ်စက်နဲ့ ကြိတ်ခဲ့ရပါတယ်။ ၁၉၅၇ ခုနှစ်မှာတော့ ဦးဘတူဟာ ခေတ်မီလှော်စက်နှစ်လုံးကို ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ Probat ကုမ္ပဏီမှဝယ်ယူပြီး ပြင်ဦးလွင်ကော်ဖီစက်ရုံကို တည်ထောင်ကာ B.T Brother Co.,Ltd. အမည်ဖြင့် ကော်ဖီမှုန့်တွေကို စီးပွားဖြစ် အများအပြားထုတ်လုပ်ခဲ့ပါတယ်။

၁၉၆၅ ခုနှစ်မှာ ကော်ဖီစက်ရုံနဲ့ကော်ဖီခြံတွေကို ပြည်သူပိုင်သိမ်းခဲ့ပြီး ၁၉၆၈ ခုနှစ်မှာ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းရဲ့ ကော်ဖီစက်ရုံအဖြစ် လုပ်ကိုင်ကာ "ဆွမ်းအုပ်" တံဆိပ်ကော်ဖီမှုန့်တွေ ထုတ်လုပ်ခဲ့ပါတယ်။

၁၉၉၄ ခုနှစ် ဒီဇင်ဘာလမှာ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသို့ လွှဲပြောင်းရယူခဲ့ပြီး "ရွှေခြင်္သေ့"တံဆိပ် ကော်ဖီမှုန့်တွေ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။

ပြင်ဦးလွင်ကော်ဖီစက်ရုံဟာ လှော်စက်နှစ်လုံး၊ ကြိတ်စက် လေးလုံး၊ ရိုက်စက်နှစ်လုံး၊ ကော်ဖီဆန်ပို့စက် တစ်လုံး၊ ချီကိုရီဥခြောက် ဆန်ခါချစက်တစ်လုံး၊ ချီကိုရီမှုန့်ဆန်ခါချစက် တစ်လုံး၊ ရောမွှေစက်နှစ်လုံးနဲ့ ကော်ဖီမှုန့်အိတ်ပိတ်စက်ငယ်သုံးလုံးတို့ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြင်ဦးလွင်ကော်ဖီစက်ရုံမှ အဓိကအနေနဲ့ အစစ်ကော်ဖီမှုန့်(Pure Coffee)

ပြင်ဦးလွင် ကော်ဖီစက်ရုံတွင် ကော်ဖီမှုန့်များ၏ အနံ့အရသာပျောက်ဆုံးခြင်း လျော့နည်းရန်အတွက် စနစ်ကျသော လေလုံသည့် ထုပ်ပိုးမှုဆောင်ရွက်နေစဉ်။

နဲ့ ပြင်သစ်ကော်ဖီမှုန့်(French Coffee) ဆိုပြီး ကော်ဖီမှုန့်နှစ်မျိုး ထုတ်လုပ်ပါတယ်။ တစ်နှစ်ကုန်ထုတ်လုပ်နိုင်စွမ်းအားကတော့ အစစ်ကော်ဖီမှုန့်ထုတ်လုပ်ပါက ပေါင်သုံးသိန်း၊ ပြင်သစ်ကော်ဖီမှုန့်ထုတ်လုပ်ပါက ပေါင်နှစ်သိန်းဖြစ်ပါတယ်။

အစစ်ကော်ဖီ (Pure Coffee)ကို ကော်ဖီအလွန်ကြိုက်နှစ်သက်သူတွေက သောက်သုံးလေ့ရှိပါတယ်။ ကော်ဖီကိုအလွန်ကြိုက်ပေမယ့် ကော်ဖီပြင်းပြင်းသောက်ရင် ကဖင်းဓာတ်(Caffeine) ပြင်းအားကို ခံနိုင်ရည်မရှိသူတွေကတော့ ပြင်သစ်ကော်ဖီမှုန့် (French Coffee) ကို သောက်သုံးလေ့ရှိပါတယ်။

ပြင်ဦးလွင် ကော်ဖီစက်ရုံအတွက် လိုအပ်တဲ့ ကော်ဖီဆန်ကုန်ကြမ်းတွေကို ဌာနပိုင်ကော်ဖီခြံနဲ့ ပုဂ္ဂလိက တောင်သူတွေဆီက ဝယ်ယူရရှိပါတယ်။ ပြင်သစ်ကော်ဖီမှုန့်အတွက် လိုအပ်တဲ့ချီကိုရီခြောက်တွေရရှိဖို့ ချီကိုရီမျိုးစေ့အသစ်တွေကို ဌာနပိုင်ကော်ဖီခြံတွေနဲ့ ပုဂ္ဂလိကတောင်သူတွေဆီကို ဖြန့်ဝေပြီးစိုက်ပျိုးစေပါတယ်။

အစစ်ကော်ဖီမှုန့် ပေါင်သုံးသိန်းထုတ်လုပ်ရန် ကော်ဖီဆန်အဆင့်(၁) တန် ၁၈၀ လိုအပ်ပြီး ပြင်သစ်ကော်ဖီမှုန့် ပေါင်နှစ်သိန်းထုတ်လုပ်ရန် ကော်ဖီဆန် ၇၂ တန်နဲ့ ချီကိုရီခြောက် တန် ၆၀ လိုအပ်ပါတယ်။

အသင့်သောက်သုံးနိုင်တဲ့ကော်ဖီမှုန့်ရရှိဖို့ အဆင့်ဆင့်စနစ်တကျလုပ်ဆောင်ရပါတယ်။ ကုန်ကြမ်းကော်ဖီဆန် အစိမ်းကို လှော်ခြင်း(Roasting)၊ လှော်ပြီးရရှိလာတဲ့ကော်ဖီလှော်စေ့တွေကို ကြိတ်ခွဲခြင်း(Grinding)၊ အစစ်ကော်ဖီမှုန့်အတွက် ဒေသအမျိုးမျိုးကထွက်တဲ့ကော်ဖီတွေကို ရောစပ်ခြင်း၊ ပြင်သစ်ကော်ဖီမှုန့်အတွက် အစစ်ကော်ဖီမှုန့်နဲ့ ချီကိုရီမှုန့်ရောစပ်ပေးခြင်း စတဲ့ ရောစပ်ခြင်း(Mixing) တို့ကို ဆောင်ရွက်ပြီး ရရှိလာတဲ့ကော်ဖီမှုန့်တွေကို အနံ့အရသာပျောက်ဆုံးမှုလျော့နည်းစေဖို့အတွက် ပလတ်စတစ်အိတ်၊ ခဲစက္ကူအိတ်တွေကို အသုံးပြုပြီး စနစ်တကျလေလုံအောင် ထုပ်ပိုးမှုပြုလုပ်ရပါတယ်။

ပြင်ဦးလွင်ကော်ဖီစက်ရုံမှ နှစ်စဉ်ကော်ဖီမှုန့် ပေါင်တစ်သိန်းခွဲ ထုတ်လုပ်လျက်ရှိပါတယ်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှာ အစစ်ကော်ဖီမှုန့်ပေါင် ၁၂၀၀၀၊ တပ်မတော်ကော်ဖီမှုန့် ပေါင် ၈၁၂၆၀ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ (၂၀၀၉ နိုဝင်ဘာအထိ) အစစ်ကော်ဖီမှုန့် ၆၄၂၈ ပေါင်၊ ပြင်သစ်ကော်ဖီမှုန့် ၂၄၆၈ ပေါင်နဲ့ တပ်မတော်ကော်ဖီမှုန့် ၃၁၅၇၆ ပေါင် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရပါတယ်။

ပြင်ဦးလွင်ကော်ဖီစက်ရုံမှ စက်ရုံမှူး (ဒုတိယအထွေထွေမန်နေဂျာ) ဦးမြင့်ဆွေက ရွှေခြင်္သေ့တံဆိပ်ကော်ဖီမှုန့်တွေ ဈေးကွက်ထိုးဖောက်မှုနဲ့စပ်လျဉ်းပြီး "ဒီနေ့ စားသောက်ကုန်ပစ္စည်းဈေးကွက်မှာ တွင်တွင်ကျယ်ကျယ် ရေပန်းစားနေတဲ့ အသင့်ဖျော် သောက်သုံးနိုင်တဲ့ ကော်ဖီမစ် (Coffee Mix)အများစုဟာ ကြော်ငြာအတွက် ငွေကြေးအမြောက်အမြား အကုန်အကျခံသုံးစွဲကာ ကြော်ငြာပြီး မိမိတို့ပစ္စည်းအရောင်းတွင်ကျယ်ရေး၊ အမြတ်အစွန်းများများ ရရှိရေးကိုသာ အဓိကထားဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ ပြင်ဦးလွင်ကော်ဖီစက်ရုံအနေနဲ့ စက်ရုံထုတ်ကုန်ပစ္စည်းဖြစ်တဲ့ ရွှေခြင်္သေ့တံဆိပ် ကော်ဖီမှုန့်တွေကို သောက်သုံးသူတွေ ဘေးကင်းစိတ်ချရမှုရှိရေးကိုပဲ အဓိကထားပြီး သုတေသနဓာတ်ခွဲခန်း အကူအညီရယူကာ ထုတ်လုပ်ရောင်းချနေရတဲ့အတွက် ကြော်ငြာအပိုင်းမှာ အားနည်းနေသေးတာ ဖြစ်ပါတယ်" လို့ ပြောကြားပါတယ်။

ဆက်လက်ပြီး စက်ရုံမှူးဦးမြင့်ဆွေက ဈေးကွက်မှကော်ဖီမစ်တွေနဲ့ စပ်လျဉ်းပြီး "ပုဂ္ဂလိကလုပ်ငန်းရှင်တွေက ထုတ်လုပ်ထားတဲ့ အသင့်ဖျော်သောက်နိုင်တဲ့ ကော်ဖီမစ်တွေဟာ အသင့်ပြုလုပ်ပြီးသား ကော်ဖီမှုန့်ကို ပြည်ပမှ တင်သွင်းလာခဲ့ပြီး ဒီကိုရောက်လာမှ သကြား၊ Creamer စတဲ့ ပစ္စည်းတွေအချိုးကျရောစပ်ကာ ကော်ဖီမစ်အဖြစ် ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။ ပြည်တွင်းမှာ ရောစပ်ထုပ်ပိုးခြင်း (Packing) လောက်သာပြုလုပ်တာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပမှတင်သွင်းလာတဲ့ ကော်ဖီမှုန့်တွေရဲ့ ဘေးကင်းစိတ်ချရမှုအဆင့်အတန်းကို ကျန်းမာရေးရှုထောင့်မှ အလေးအနက်ထည့်သွင်းစဉ်းစားဖို့ လိုအပ်နေပါတယ်။ ဒါဟာ ကော်ဖီမစ်သောက်သုံးနေကြသူအများစုက သတိမပြုမိကြသေးတဲ့အချက်ပဲ ဖြစ်ပါတယ်" လို့ ရှင်းလင်းပြောကြားပါတယ်။

ပြင်ဦးလွင် ကော်ဖီစက်ရုံမှ ရွှေခြင်္သေ့တံဆိပ် (Golden Lion) ဖြင့် ထုတ်လုပ်တဲ့ ကော်ဖီမှုန့်အမျိုးမျိုးဟာ အရောအနှောမပါ ကော်ဖီစစ်စစ်ကိုသာ အသုံးပြုထုတ်လုပ်ထားခြင်းဖြစ်တဲ့အတွက် ကော်ဖီသောက်သုံးသူတွေရဲ့ ယုံကြည်နှစ်ခြိုက်မှုကို ရရှိထားပါတယ်။ စက်ရုံတာဝန်ရှိသူအဆင့်ဆင့်နဲ့ ဝန်ထမ်းတွေဟာ ကော်ဖီမှုန့်ရဲ့ သဘာဝအနံ့အရသာနဲ့ အရည်အသွေးကို ထိန်းသိမ်းပြီး အဆင့်မီ ထုပ်ပိုးမှုတွေနဲ့ အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ပြင်ဦးလွင်ကော်ဖီစက်ရုံမှာသောက်ခဲ့ရတဲ့ ကော်ဖီတစ်ခွက်ကိုတော့ဖြင့် မမေ့နိုင်အောင် ဖြစ်နေမိပါတော့တယ်။ ။

ပြင်ဦးလွင် ကော်ဖီစက်ရုံတွင် လှော်ပြီးကော်ဖီဆန်များကို အမှုန့်ကြိတ်စက်၌ထည့်၍ အမှုန့်ကြိတ်ခြင်း ဆောင်ရွက်နေစဉ်။

ပြင်ဦးလွင် ကော်ဖီစက်ရုံမှ ထုတ်လုပ်သော သဘာဝအနံ့အရသာနှင့် အရည်အသွေးမီ ရွှေခြင်္သေ့ကော်ဖီမှုန့် အထုပ်များ။

အာဆီယံစွမ်းအင်ဆိုင်ရာဆု (၂၀၁၀)ကောင်းကျော်စေကုမ္ပဏီရရှိ

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံ၌ အသစ်တစ်ဖန်ပြုလုပ်၍ရသော စွမ်းအင်နှင့် စွမ်းအင်ထိရောက်စွာ အသုံးချမှုများကို ပိုမိုကျယ်ပြန့်လာစေရန်အတွက် အရှေ့တောင်အာရှစွမ်းအင်ဆုများကို နှစ်စဉ်ရရှိအောင် စာတမ်းများရေးသားပြုစုပြီး အသစ်တစ်ဖန်ပြုလုပ်၍ရသော စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသောကောင်းကျော်စေကုမ္ပဏီသည် Renewable Energy Competition (Off-grid) ပြိုင်ပွဲအတွက် Multipurpose Biomass Gasifier စာတမ်းဖြင့် ပါဝင်ယှဉ်ပြိုင်ရာ 1st Runner's up Award ကို ရရှိခဲ့သည်။

ဇူလိုင် ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံ Da- Lat မြို့၌ ASEAN Center of Energy (ACE)မှ ချီးမြှင့်သည့် ASEAN Energy Award 2010 ကို ကောင်းကျော်စေကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးထွန်းနိုင်အောင်က တက်ရောက်လက်ခံသည်။

ကောင်းကျော်စေကုမ္ပဏီသည် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ဒုတိယအကြိမ် စွမ်းအင်နှင့် စွမ်းအင်ထိရောက်စွာ အသုံးချမှုဆိုင်ရာ စီးပွားရေးဖိုရမ် (Renewable Energy, Energy Efficiency Business Forum (REBF-2010)ကို ကျင်းပပြီး စွမ်းအင်ဆိုင်ရာ ပြခန်းများကိုလည်း ပြသခဲ့သည်။ ဖိုရမ်တွင် ပညာရှင်များက စာတမ်းများကိုဖတ်ကြားတင်သွင်းပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက Private - Public Partnership Meeting ကို ကျင်းပခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗီယက်နမ်နိုင်ငံ ASEAN Center of Energy (ACE) မှ ချီးမြှင့်သည့် ASEAN Energy Award 2010 ရရှိခဲ့သည့် ကောင်းကျော်စေကုမ္ပဏီ ဥက္ကဋ္ဌ ဦးထွန်းနိုင်အောင်အား ဆုနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

အောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ညောင်ဦးမြို့တွင် ၂ ဒသမ ၈၇လက်မ၊ လှိုင်လင်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၀၀ လက်မ၊ ဟဲဟိုးမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ခန္တီးမြို့တွင် သုည ဒသမ ၉၈ လက်မ၊ ကျောက်တော်မြို့တွင် သုည ဒသမ ၉၄ လက်မ၊ တောင်တွင်းကြီးမြို့နှင့် ကော့သောင်းမြို့တို့တွင် သုည ဒသမ ၉၁ လက်မစီ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၃ ရက် ညနေထိခန့်မှန်းချက်။ ။ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက ကြီးမှူး၍ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံ ဆွေးနွေးပွဲကို ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower ပထမထပ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့် ပတ်သက်သည့် ပညာရှင်များ၊ စီးပွားရေးတက္ကသိုလ်မှ ပညာရှင်များ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအစုအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများရှိ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းများရှိ ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်များမှ ဥက္ကဋ္ဌများတက်ရောက်၍ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ
တောကိုမီ၏

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

နေပြည်တော်ကွင်း အုပ်စု(ဆ)

ဆောက်လုပ်ရေးဝန်ကြီးဌာန - သုံးဂိုး

(နောင်လတ်ဖြိုး၊ အောင်မျိုးသူရ၊ ကျော်ဇင်ဝင်း)

တရားရုံးချုပ် - တစ်ဂိုး

(ရဲရာဇာ)

(ဒိုင်) ဦးသိန်းစော (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဆ)

အလုပ်သမားဝန်ကြီးဌာန - ၁၀ဂိုး

(ဝင်းဇော်-သုံးဂိုး၊ စိုးလင်းသူ-နှစ်ဂိုး၊ မျိုးမင်းဦး၊ ပြည့်ဖြိုးအောင်၊ ကျော်သူရ၊ နေစိုးအောင်၊ ရဲနောင်)

သာသနာရေးဝန်ကြီးဌာန - ဂိုးမရှိ

(ဒိုင်) ဦးသီဟကျော်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(ဇ)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန - နှစ်ဂိုး

(ဝေယံဖြိုးနှင့် ဝင်းလှိုင်ထွန်း)

နိုင်ငံခြားရေးဝန်ကြီးဌာန - ဂိုးမရှိ

(ဒိုင်) ဦးသောင်းရွှေမိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဩဂုတ် ၃ ရက် ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၇)

၂၀၁၀-၁၁ ပညာသင်နှစ်

ကျောင်းကျန်းမာရေး သီတင်းပတ်

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၉) ရက်မှ (၁၄) ရက်

အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

နေပြည်တော် ဩဂုတ် ၂

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ၊ အမျိုးသားပညာရည်မြှင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှု လုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၀-၁၁ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ဩဂုတ် ၉ ရက်မှ ၁၄ ရက်အထိ သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊ ကျောင်းတွင်း အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်း စသည့် ကျောင်းကျန်းမာရေးလုပ်ငန်း(၅)ရပ်အပြင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အဖြစ် သန်ကောင်ရောဂါ ကာကွယ်ရေးနှင့် အာဟာရစောင့်ရှောက်ရေး လှုပ်ရှားမှုများကို ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း၏ အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ ပြည့်မီရေးအတွက် မိဘများနှင့် ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက်မြန်မာပြည် တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ (မန္တလေးဇုန်)အမျိုးသားဘော်လီဘောပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် ဩဂုတ် ၂

ဉာဏ်ရည်မြင့်မား၍ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ ကျောင်းသား၊ ကျောင်းသူ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်၊ စစ်မှန်သော အားကစားစိတ်ဓာတ် ပြည့်ဝစေရန်၊ တက္ကသိုလ်များတွင် ဘော်လီဘော အားကစားနည်းကို ပိုမိုရှင်သန်စေရန်နှင့် ထူးချွန်သော ဘော်လီဘော အားကစားသမားများ ပေါ်ထွက်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ (မန္တလေးဇုန်) အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတက္ကသိုလ်အားကစားရုံ (Open Shed)၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေနှင့် ပြိုင်ပွဲဝင် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီးများ၊ မန္တလေးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရတနာပုံတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဦးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် မန္တလေးတက္ကသိုလ်၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်၊ ဗန်းမော်တက္ကသိုလ်နှင့် မိုးညှင်းဒီဂရီကောလိပ်တို့မှ အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူများ၊ နည်းပြဆရာများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြသည်။

တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ (မန္တလေးဇုန်) အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပထမနေ့ အုပ်စုပတ်လည် အမှတ်ပေးပြိုင်ပွဲများကို အုပ်စုနှစ်စုခွဲ၍ Best of Five ၂၅ မှတ်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြရာ အုပ်စု(က)မှ ရတနာပုံတက္ကသိုလ်အသင်းက မန္တလေးတက္ကသိုလ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကျောက်ဆည်တက္ကသိုလ် အသင်းက မြစ်ကြီးနားတက္ကသိုလ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အုပ်စု(ခ)မှ မိုးညှင်းဒီဂရီကောလိပ်အသင်းက ဗန်းမော်တက္ကသိုလ်အသင်းကို သုံးပွဲ နှစ်ပွဲဖြင့် လည်းကောင်းအနိုင်ရရှိကြသည်။

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အလိုက် အမျိုးသားဘော်လီဘောပြိုင်ပွဲများကို တောင်ကြီးဇုန်၊ မုံရွာဇုန်နှင့် မကွေးဇုန်တို့တွင်လည်း ဩဂုတ် ၁ ရက်မှ ၈ ရက်အတွင်း ကျင်းပ၍ ဇုန်အလိုက် လက်ရွေးစင်များ ရွေးချယ်လျက်ရှိသည်။

ထို့နောက် ဇုန်လေးဇုန်မှ အားကစားသမားများဖြင့် အထက်မြန်မာပြည် တက္ကသိုလ်များ လက်ရွေးစင် ဘော်လီဘောအသင်းနှစ်သင်း ဖွဲ့စည်းကာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တက္ကသိုလ်များ လက်ရွေးစင် ဘော်လီဘောအသင်း နှစ်သင်းနှင့် ဦးစီးဌာနအဆင့်ပြိုင်ပွဲများ ကျင်းပပြီး မြန်မာနိုင်ငံတက္ကသိုလ်များ လက်ရွေးစင် ဘော်လီဘောအသင်းကို ဆန်ခါတင် ရွေးချယ်ဖွဲ့စည်းမည်ဖြစ်သည်။

ယင်းနောက် ၂၀၁၀ခုနှစ် ဒီဇင်ဘာတွင် ထိုင်းနိုင်ငံ ဇင်းမယ်မြို့၌ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ ဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားစေမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၁၀ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသား တံခွန်စိုက်ဆုရရှိသော မွန်ပြည်နယ်အသင်းအား ဆုချီးမြှင့်စဉ်။

(စားပွဲတင်တင်းနစ်အဖွဲ့ချုပ်)

အားကစား မြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်မှူးယစ်ဆေး

စတမ်းဖို့ဒ်တင်းနစ်ချန်ပီယံ ဆုဖလားနှင့် ဗက်တိုးရီးယားအဇာရန်ကာ။

အမေရိကန်စတမ်းဖို့ဒ်တင်းနစ်ဗိုလ်လုပွဲ ဗက်တိုးရီးယားအဇာရန်ကာက ရှာရာပိုဗာကိုနိုင်

နယူးယောက် ဩဂုတ် ၂

ဇူလိုင် ၂၆ ရက်မှစတင်ကျင်းပခဲ့သည့် အမေရိကန် စတမ်းဖို့ဒ်တင်းနစ်ပြိုင်ပွဲဖြစ်သည့် ၂၀၁၀ Bank of the West Classic ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲကို ယမန်နေ့က ကျင်းပခဲ့ရာ ဗက်တိုးရီးယား အဇာရန်ကာက ရှာရာပိုဗာကို ၆-၄၊ ၆-၁ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

အဇာရန်ကာသည် အကြိုဗိုလ်လုပွဲတွင် ဆမ်စတိုဆူရာကို ၆-၂၊ ၆-၃ ဖြင့်နိုင်ကာ ရှာရာပိုဗာက တစ်နိုင်ငံတည်းသူ ဒီမင်တီဗာကို ၆-၄၊ ၂-၆၊ ၆-၃ ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ အသက် (၂၃)နှစ်ရှိ ရှာရာပိုဗာမှာ ယခင်က ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့်နှစ်က ဒဏ်ရာပြဿနာများကြောင့် အဆင့်(၁၅)အထိ လျော့ကျခဲ့ရသည်။ ယခုဗိုလ်လုပွဲတွင် အနိုင်ရခဲ့သည့် အဇာရန်ကာမှာ အသက်(၂၁)နှစ်သာရှိသေးပြီး ကမ္ဘာ့အဆင့်(၁၈)တွင် ရှိနေခဲ့သူဖြစ်သည်။

အင်တာနက်။

မန်စီးတီး၏ ပထမဂိုးသမားနေရာအတွက် ဂျိုးဟတ်မသေချာသေး

လန်ဒန် ဩဂုတ် ၂

အင်္ဂလန်ဂိုးသမားဂျိုးဟတ်က မိမိမှာ မန်စီးတီးအသင်းတွင် ပထမဂိုးသမားနေရာရရေး မသေချာသေးကြောင်း ပြောကြားခဲ့သည်။

အသက်(၂၃)နှစ်ရှိ ဂျိုးဟတ်မှာ ပြီးခဲ့သည့် ၂၀၀၉-၂၀၁၀ဘောလုံးရာသီက ဘာမင်ဂမ်အသင်းသို့ အငှားချထားခြင်းခံခဲ့ရသည်။ ၎င်းမှာ ဘာမင်ဂမ်အသင်းနှင့်အတူ လက်စွမ်းပြသနိုင်ခဲ့သော်လည်း ယခုနှစ်မန်စီးတီးသို့ ပြန်ရောက်ချိန်တွင် အသင်း၌ ဂိုးသမားရှေးဂစ်ဗင်ရှိနေခြင်းကြောင့် ပထမနေရာအတွက် မသေချာမရေရာခြင်း ဖြစ်သည်။ မန်စီးတီးမန်နေဂျာ မန်စီနီက "အားလုံးက မန်စီးတီးအသင်းရဲ့ ပထမပွဲထွက်လူစာရင်းမှာ ပါဝင်ခွင့်ရချင်ကြတာချည်းပါပဲ။ ဂိုးသမားနေရာမှာ ဂျိုးဟတ်နဲ့ ရှေးဂစ်ဗင် ဘယ်သူ့ကို သုံးရမလဲဆိုတာ မဆုံးဖြတ်ရသေးပါဘူး"ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ မန်စီနီကပင်ဆက်လက်၍ "ဂျိုးဟတ်ဟာ နောက်၁၀နှစ်အထိ အင်္ဂလန်အသင်းမှာ ပထမဦးစားပေးဂိုးသမားအဖြစ်ရွေးချယ်ခံနေရဦးမှာပါ။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ခုချိန်မှာ ဘယ်သူ့ကို ရွေးရမှန်းမသိသေးပေမယ့် ထိုက်တန်တဲ့သူ နေရာရသွားမှာပါ"ဟု ပြောကြားခဲ့သည်။

အင်တာနက်။

ဝင်းတင် - ကြေးမုံ

(၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂

၂၀၁၀ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စားပွဲတင်တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တာဝန်ရှိသူများက အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသားနှင့် အမျိုးသမီး နှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသမီးအသင်းလိုက်၊ အမျိုးသားအသင်းလိုက်၊ အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အကောင်းဆုံး အမျိုးသမီးအားကစားသမားဆု ရရှိသော ဆွေဆွေဟန်(ရန်ကုန်တိုင်း)အားလည်းကောင်း၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အကောင်းဆုံးအမျိုးသား အားကစားသမားဆု ရရှိသော အောင်ထွဋ်(ရန်ကုန်တိုင်း)အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး တံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းအသင်းနှင့် အမျိုးသား တံခွန်စိုက်ဆုရရှိသော မွန်ပြည်နယ်အသင်းအား တံခွန်စိုက်ဒိုင်းဆုများနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ယဉ်ဘုန်း အလူမီနီယမ်အရောင်းဆိုင်



ဆိုက် - 1520×116×28mm ရှိသော

Wall Paper

PARKING

အညောင်းထိုင် အကြောတက်သူများအားလုံး

ဆန္ဒပုံ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မော်တင်လမ်းသစ်လမ်းနေ ဦးစိန်မြင့်-ဒေါ်ခင်အေးကြူ၊ သားသမီးမြေးတစ်စုတို့က တစ်နေ့လုံးစာ အထူးအာဟာရအတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်မြို့ ဆံတော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ပိုင် ယာဉ်၊ စက်များအသုံးပြု၍ ရေမြောင်းဆယ်ယူနေမှုကို ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုး ဇွန် ၂၃ ရက်တွင် ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

09-8619173

240814

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ထန်ငိုက်လျန်၊ (ဘ) ဦးကျင့်ခန့်ကပ် [၅/ကလထ(နိုင်) ၀၂၆၀၇၉]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များတွင် အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဖုန်း - ၀၁-၂၅၂၂၂၂၊ ၀၉-၉၉၇၀၀၁၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ဝက်ဘာလမ်း၊အမှတ်(၅-ဒီ)၊ မြေတိုင်းရပ်ကွက်အမှတ်(၂စီ)၊မြေကွက်အမှတ် ၁၁၇-စီ/၇-ဘီ ၊ဧရိယာ(၀. ၂၃၆)ဧကရှိ မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံငယ်တစ်လုံး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ရှင် ဦးလှမောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။အဆိုပါမြေနှင့် အဆောက်အအုံတို့အပေါ် အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းရှိန် တရားရုံးချုပ်ရှေ့နေ(စဉ်-၁၅၈၂)

အမှတ်(၅၂)၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၂၄၅၉၆၈၊ ၀၉ ၅၀၃၃၂၉၄

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်သီဟကျော်စွာ၏ ပတ်စ်ပို့စာအုပ်အမှတ်-၈၆၂၈၁၅ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း - ၂၉၇၁၅၂

အလိမ္မာ စာမှာရှိ

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၃-၈-၂၀၁၀ (အင်္ဂါနေ့)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် (ပုဗ္ဗဏှသုတ်) ဥပုသ်နေ့နှိုးဆော်ချက်
၇း၃၀	ဓမ္မပူဇာတေး (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (ပွေ့ချီထားပါရစေ)
၈း၄၀	တေးပဒေသာ
၈း၅၀	နဝင်္ဂသီလပေးတရားတော် (ဘဒ္ဒန္တဂုဏောသန)
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးနီတူခြောက်သုပ်နဲ့ မျှစ်ဆတ် ရွှေဖရုံညွန့်ဟင်းချို)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်း တေးပဒေသာ
၁၁း၂၅	Talk on line (ဘိုဘို)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် Current Song တေးပဒေသာ
၁၂း၄၀	ပြုံးပဒေသာ (ရယ်ရတယ်နော်-၂)
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (အလယ်တန်းရသပညာ) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မေတ္တာတွက်တာ အလှုကမ္ဘာ (အစက်အပြောက်ကင်းစွာ လှပစေရာ)
၅း၁၀	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၄၅	ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၅၁)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ သံဝေဇနိယလေးဌာန မှတ်တမ်းနှင့်အလွမ်း (ဘဒ္ဒန္တဝေဠုရိယ) ၂။ မြတ်နိုးဖွယ်ရာ ပြည်မြန်မာ (ဒေါက်တာဦးဖေညာဏ်)
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ဇာတ်လမ်းပမာနားဆင်စရာ (လွှန်းမတင်သည့်ကြိုး)
၇း၃၀	သူ့ခေတ်သူ့အခါတေးကမ္ဘာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	တေးစီးရီး (Melody World-Vol-2) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၉း၅၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာတရားတော်
၁၀း၀၀	အစီအစဉ်ပြီး၏။

ကျေးလက်ကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်းထားမှု စစ်ဆေး

ရှောင် ဩဂုတ် ၂

ဇူလိုင် ၂၇ ရက်က ရှောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့သည် ဆင်ဆာပြား-နောင်ဂူ ကျောက်ချောလမ်း ခင်းရန်အတွက် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

(၁၉)ကြိမ်မြောက် အရိုးရောဂါပညာအခြေခံမွမ်းမံ သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့မှ ကြီးမှူးကျင်းပသော (၁၉)ကြိမ်မြောက် အရိုးရောဂါပညာ အခြေခံမွမ်းမံ သင်တန်းကို အမှတ်-၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အသင်းခန်းမဆောင် (အေ)၌ ဇူလိုင် ၃၁ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးကျော်မြင့်နိုင်နှင့် အရိုးရောဂါပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးသစ်လွင်တို့က သင်တန်းဖွင့် အမှာစကားပြောကြားပြီး "Practical Approach to Swelling in Daily Practice, Orthopaedic Perspective ခေါင်းစဉ်ဖြင့် အရိုးအထူးကုဆရာဝန်ကြီးများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာဦးမြင့်သောင်း၊ ပါမောက္ခဒေါက်တာ ဦးခရစ္စတိုဖယ်ဆန်းအားမောင်နှင့် ဒုတိယဗိုလ်မှူးကြီးကျင်ထွန်းတို့က သင်တန်းပို့ချပြီး သင်တန်းသား၊ သင်တန်းသူ ၉၀ တက်ရောက်ခဲ့သည်။ (ကြေးမုံ)

အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၂

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အေးချမ်းသာယာ ပြည်မြန်မာ" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ရိုးရာပွဲတော်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စည်းကမ်းများမှာ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစား ၁၀×၁၄ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ဒီဂျစ်တယ်နည်းပညာနှင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများဖြင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရ။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်ရ။ ကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

မိမိတို့၏ ပြိုင်ပွဲဝင်ဓာတ်ပုံများအား Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းငါးသောင်းနှင့် အထူးဆု ငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါဆုရရှိသူများအား Myanmar Golden Rock ကုမ္ပဏီက ပထမဆုရရှိသူအား (Canon SLR ကင်မရာ EOS -1000D with 18-55mm Lens)၊ ဒုတိယဆုရရှိသူအား(Canon Compact Digital ကင်မရာ LXUS-95IS)၊ တတိယဆုရရှိသူအား (Canon Compact Digital ကင်မရာ Power Shot A-480)၊ အထူးဆုရရှိသူများအား ငွေသား ၇၀၀၀၀ ကျပ်တန် Canon Showroom တွင် ဈေးဝယ်ခွင့်ကူပွန်တို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကန့်ဘလူမြို့ ထန်းကုန်းကျေးလက်ဈေး မီးဘေးလုံခြုံရေးအတွက် ဇွန် ၁၂ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး စစ်တွေတက္ကသိုလ် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဩဂုတ် ၂

ရခိုင်ပြည်နယ် စစ်တွေတက္ကသိုလ် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၄ရက်တွင် စစ်တွေမြို့ ဝေသာလီရင်ပြင် အားကစားကွင်း၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်တွေတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တာဝန်ရှိသူတို့က ဆုရရှိသူများအား ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူတို့က ပထမဆုရရှိသော အမျိုးသားဘောလုံးအသင်းနှင့် အမျိုးသမီးဘောလုံးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မြိတ်မြို့၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

မြိတ် ဩဂုတ် ၂

တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၈ရက်က မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)**

တက်ရောက်

ထို့နောက် မြိတ်ခရိုင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းပို့ချကြသည်။သင်တန်းသားများ၏ မေးမြန်းဆွေးနွေးချက်များကို တိုင်းကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် တိုင်းဥပဒေအရာရှိ ဦးမြင့်ကြိုင်က ရှင်းလင်းဆွေးနွေးခဲ့ပြီး သင်တန်းသား ၃၃၂ ဦး တက်ရောက်ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ကြေးမုံ မြို့နယ်သတင်းများ

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် စက်သုံးဆီသိုလှောင်ကန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဇူလိုင် ၂၀ ရက် ညနေပိုင်းတွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လွိုင်ကော်မြို့ရှိ စက်သုံးဆီ သိုလှောင်ကန်များ၌ စက်သုံးဆီစနစ်တကျသိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေများကိုကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင် ၂၁ ရက်တွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များမှာကြားသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင်၂၂ရက်တွင် လွိုင်ကော်မြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်၍ အိမ်ရာအဆောက်အအုံ တိုးချဲ့ဆောက်လုပ်ရန် မြေနေရာရွေးချယ်ထားမှု အခြေအနေ၊ စက်ရုံအတွင်း ထပ်ဆင့်လွှင့်စက်များ၏ ကြံ့ခိုင်မှုနှင့် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့ထပ်ဆင့်ထုတ်လွှင့် ပြသနေမှုတို့ကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မသန်စွမ်းသူများအတွက် ဖွဲ့စည်းတည်ထောင်ထားသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ရန်ကုန်မြို့ အမှတ်(၂) ပြည်လမ်း မင်္ဂလာဒုံမြို့နယ်နေ ဦးသန်းဇော်မိုး-ဒေါ်အေးအေးတို့က အလှူငွေကျပ်တစ်သိန်းကို လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက်ပေးအပ်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်း လက်ခံစဉ်။ (ကြေးမုံ)

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၉ ရက်က ဈေးများ မီးဘေးလုံခြုံမှုစစ်ဆေးရေး အဖွဲ့ဝင်များနှင့် ဈေးသာယာရေးအဖွဲ့တို့က မီးသတ်ရေကန်၊ ရေစုပ်စက်များ ကြံ့ခိုင်မှုနှင့် မီးကြိုးသွယ်တန်းမှုတို့ကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျိုက်လတ်မြို့နယ် ထားဝယ်မှိုင်းကျေးရွာ၌ ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ထားဝယ်မှိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပရာ တိုင်းလက်ထောက်ပညာရေးမှူး (စစ်ဆေးရေး) ဦးဝင်းမောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ပြုံးညို၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ခင်တို့က အလယ်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်းသိရသည်။ **(အောက်ပုံ)** (ပညာရေး)

အားကစားမြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်မူးယစ်ဆေး

စာကြည့်တိုက်အတွက် အလှူငွေပေးအပ်လှူဒါန်း

သာယာဝတီ ဩဂုတ် ၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့ ဈေးလမ်းရှိ သမ္မာဆန္ဒဓမ္မာရုံကြီး၌ ဇူလိုင် ၂၆ရက် နံနက်က ဗုဒ္ဓတရားတော်နှင့် ဓမ္မစာပေပြန့်ပွားရေးအတွက် ငွေကျပ်၅၃ သိန်းကျော်တန်ဖိုးရှိ စာကြည့်တိုက်အား အလှူရှင် ဦးမောင်မောင်(ဆီစက်)၊ဦးပြုံးချို-ဒေါ်သန်းသန်းငွေ၊ ဦးမြင့်လွင်-ဒေါ်စန်းစန်းရင်၊ ညီမ မခင်စန်းဝေတို့က လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဝင်းက ဂုဏ်ပြုလက်မှတ်ပေးအပ်ကာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် အလှူရှင် ဦးမောင်မောင်(ဆီစက်) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(အောက်ပုံ)** (ခရိုင်ပြန်/ဆက်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး မင်္ဂလာဒုံမြို့နယ်၌ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂

မင်္ဂလာဒုံမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင် ၂၉ရက်က မြို့ပေါ်ရပ်ကွက်ရှိ လူနေအိမ်များ၊ဝန်ထမ်းအိမ်ရာများ၊အခြေခံပညာ စာသင်ကျောင်းများ၌ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများက ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ရေတွင်းရေကန်များ ဆေးခတ်ခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငြိမ်းထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဝင်းမာ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က ကြည့်ရှုအားပေး ဆောင်ရွက်ကြကြောင်း သိရသည်။**(ဝဲပုံ)** (၅၃၂)

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း (IEC/ BCC)မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင် အမှာစကားပြောကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

သဘာဝအနံ့အရသာနှင့် အရည်အသွေးမီကော်ဖီမှုန့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော ပြင်ဦးလွင်ကော်ဖီစက်ရုံ

သတင်းဆောင်းပါး
တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း
ကိုထွေး
အဆင်အပြင် - ခင်မျိုးနိုင်

ပြင်ဦးလွင်မြို့ကို ဖြတ်သွားဖြတ်လာရော၊ ညအိပ်ခရီးနဲ့ပါဆိုရင် ရောက်ဖြစ်တာ ငါးခေါက်ထက်မနည်းရှိပါပြီ။ ဒါပေမယ့် ပြင်ဦးလွင်မြို့ရှိ ကော်ဖီစက်ရုံကို မရောက်ဖြစ်ခဲ့ပါ။ ပြီးခဲ့တဲ့ နှစ်ဆန်းပိုင်းတုန်းကတော့ ပြင်ဦးလွင်မြို့မှာ ရက်သတ္တတစ်ပတ်လောက် နေခွင့်ရခဲ့တာမို့ ပွဲကောက်ရေတံခွန်နဲ့ ပိတ်ချင်းမြောင်လိုဏ်ဂူအပါအဝင် နေရာအတော်စုံအောင် သွားဖြစ်ခဲ့ပါတယ်။ မှတ်မှတ်ရရ မပြန်ခင်တစ်ရက်မှာ ပြင်ဦးလွင် ကော်ဖီစက်ရုံကို သွားရောက်လေ့လာဖြစ်ခဲ့ပါတယ်။

ပြင်ဦးလွင်ကော်ဖီစက်ရုံဟာ ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်းဘေး အမှတ်(၁၅၇-ခ)မှာ တည်ရှိပြီး ကော်ဖီစက်ရုံနဲ့ ရုံးမြေ သုည ဒသမ ၈၀၇ ဧက၊ ရိပ်သာနဲ့ဝန်ထမ်းအိမ်ရာ သုည ဒသမ ၉၅၁ ဧက စုစုပေါင်းမြေဧရိယာ ၁ ဒသမ ၇၅၈ ဧက ကျယ်ဝန်းပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❑

ပြင်ဦးလွင် ကော်ဖီစက်ရုံတွင် ကော်ဖီလှော်အိုးဖြင့် ကုန်ကြမ်းကော်ဖီဆန် အစိမ်းများကို လှော်ခြင်းဆောင်ရွက်နေစဉ်။

ဆောင်းပါး
အညွှန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ခုနှစ်အတွင်း လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက ရွေးချယ်ကြတော့မည်ဖြစ်။ ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကိုယ်စား နိုင်ငံတော် အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များအား မိမိတို့၏ လွတ်လပ်သည့် ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ကြသည့် ဒီမိုကရေစီ ကျင့်စဉ်တစ်ခုပင်ဖြစ်။

ဥပဒေလေ့လာသူတစ်ဦး၏ "ရွေးကောက်ပွဲတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ" (ဆောင်းပါး) စာမျက်နှာ - ၈၊ ၉